
စိတ်ကူးချိုချိုအနုပညာ

# နတ်နွယ်

# သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်




တတိယအကြိမ်

၁၉၆၇–၁၉၇၀ ဝန်းကျင်နှစ်များက
ဆရာနတ်နွယ်၏ ခရီးသွားအတွေ့အကြုံ
ဆောင်းပါးများစုစည်းမှု။

# နတ်နွယ်

## သီတာခုနှစ်တန်နှံ့
## တောင်စဉ်ခုနှစ်ထပ်



NN0030
2,500.00 KS

mgyee.com

mgyoe.com

သီတာခုနစ်တန်တောင်စဉ်ခုနစ်ထပ်၊ နတ်နွယ်
စာမျက်နှာ ၁၉၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆ ပုဂံစာအုပ်တိုက်၏ ဒုတိယအကြိမ်မှု။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သီတာခုနစ်တန်
# တောင်စဉ်ခုနစ်ထပ်
# နတ်နွယ်

တတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ပထမပုံနှိပ်ခြင်းအမှာ | က |
| – | ဒုတိယပုံနှိပ်ခြင်းအမှာ | င |
| ၁။ | တစ်တောင်ကျော် တစ်တောင်ဆင်း | ၁ |
| ၂။ | တစ်တောင်ဆင်း တစ်တောင်တက် | ၂၁ |
| ၃။ | ခမ်းမတီးတို့ပွဲ | ၄၁ |
| ၄။ | နမ့်ထုံခကို ကူးချည် ဖြတ်ချည် | ၅၆ |
| ၅။ | ဘုရားပွဲမှ အပြန် | ၆၂ |
| ၆။ | မချမ်းဘောဝန်းကျင် | ၇၁ |
| ၇။ | ဘယ်ယိမ်း ညာနွဲ့ ဘယ်ပြန်နွဲ့ | ၈၃ |
| ၈။ | တစ်နှစ်ပြီးတစ်နှစ် တစ်နယ်ပြီးတစ်နယ် | ၉၃ |
| ၉။ | ချောက်ကမ်းပါးများအလယ် ဝဲဂယက်များအကြား | ၁၄၀ |
| ၁၀။ | ဧရာဝတီကိုဖြတ် မူးကိုဖြတ် ချင်းတွင်းကိုဖြတ် | ၁၇၄ |
| ၁၁။ | တောင်တန်းကပြာ ကန်သာကစိမ်း | ၁၈၈ |


❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပထမယုံနှိပ်ခြင်းအမှာ

သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်သည် ခရီးသွားဆောင်းပါးများကို စုစည်းထားသောစာအုပ်ဖြစ်ပါသည်။

၁၉၆၇ ခု၊ မတ်လနှင့် ဧပြီလများတွင် ကျွန်တော် ခရီးရှည်ထွက်ခဲ့ပါ သည်။ ကျွန်တော်၏မိသားစုသည် ကျွန်တော်နှင့်အတူ ရန်ကုန်မှ တစ်ပါတည်း ထွက်ခွာလာပြီး မန္တလေးတွင် နေရစ်ခဲ့ပါသည်။ ကျွန်တော်နှင့် ခရီးသွားဖော် ကိုသန်းထွန်းဦးသည် မန္တလေးတွင် တစ်နာရီလောက်သာ ရပ်နားပြီး မြောက်ပိုင်းဒေသသို့ ခရီးဆက်ခဲ့ကြပါသည်။

ကျွန်တော်၏ ခရီးသွားဆောင်းပါးကို မန္တလေးမှ ထွက်ခဲ့သည်မှ စပါသည်။ ကသာခရိုင် အင်းတော်မြို့တွင် စခန်းတစ်ထောက်နားပြီး ဗန်းမောက် မြို့နှင့် ကသာမြို့များသို့ သွားပါသည်။ ထို့နောက် အင်းတော်မှ မြစ်ကြီးနားသို့သွား၊ ထိုမှတစ်ဆင့် ပူတာအိုနှင့် မချမ်းဘောမြို့များသို့ သွားပါသည်။ ကျွန်တော်၏ ၁၉၆၇ ခုနှစ် ခရီးသွားဆောင်းပါးကို မချမ်းဘောမြို့တွင် ပြုလုပ်သော 'မြောက်ပိုင်းမနောပွဲ' တွင် အဆုံးသတ်ထားပါသည်။

ယင်းဆောင်းပါးများကို မိုးဝေမဂ္ဂဇင်း (ထိုစဉ်က စုံထောက်မဂ္ဂဇင်း) တွင် တစ်တောင်ကျော် တစ်တောင်ဆင်း၊ တစ်တောင်

mgyoe.com

mgyoe.com


ဆင်း တစ်တောင်တက်၊ ခမ်းမတီးတို့ပွဲ၊ နမ့်ထုံခကို ကူးချည်ဖြတ်ချည်၊ ဘုရားပွဲမှအပြန်၊ မချမ်းဘော ဝန်းကျင်နှင့် ဘယ်ယိမ်းညာနွဲ့ ဘယ်ပြန်နွဲ့ဟူသော ခေါင်းစဉ်များဖြင့် ၁၉၆၇ ခု စက်တင်ဘာလမှ အစပြုလျက် ၁၉၆၈ ခု မတ်လအထိ ရှစ်လတိတိဆက်၍ ရေးခဲ့ပါသည်။

ယင်းသို့ ရှစ်လမျှရေးသည့်တိုင် ကျွန်တော့်ဆောင်းပါးတွင် အစနှင့် အဆုံးမပါသလို ဖြစ်နေပါသည်။ ရန်ကုန်–မန္တလေး အလာခရီးတွင် ရေးမည်ဆိုလျှင် ရေးစရာလေးတွေရှိပါသည်။ အထူးအထွေတော့လည်း မဟုတ်လှပါ။ ကျွန်တော်တို့စီးသောတွဲသည် မီးပျက်နေသဖြင့် တစ်ညလုံး အမှောင်ထဲတွင် လိုက်ပါခဲ့ရပါသည်။ ကိုသန်းထွန်းဦးသည် မိန်းမပျိုကလေးတစ်ဦးနှင့် တစ်ခန်းတည်းကျသဖြင့် မအိပ်ဝံ့ဆိုကာ တစ်ညလုံး အခန်းပြင်ဘက် စင်္ကြံသို့ ထွက်ထိုင်နေပါသည်။

မချမ်းဘောမှအပြန် ပူတာအိုတွင် ညအိပ်ရန်စီစဉ်ထားသော်လည်း လေယာဉ်အဆင်သင့်ရှိနေသဖြင့် မြစ်ကြီးနားသို့ နေ့ချင်းပြန်ရောက်ရှိသွား ကပါသည်။ ကိုသန်းထွန်းဦးက မြစ်ကြီးနားတွင် တစ်ပတ်ခန့်ကျန်ရစ်ခဲ့ပါ သည်။ ကျွန်တော်က မချမ်းဘောမှပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် မိသားစုရှိရာ မန္တလေးသို့ ထွက်ခွာခဲ့ပါသည်။

မိသားစုနှင့်အတူ အလုံ၊ မုံရွာ၊ မိုးညှင်းသံဗုဒ္ဓေနှင့် ဖိုးဝန်းတောင်သို့ လည်းကောင်း၊ ပြင်ဦးလွင်သို့လည်းကောင်း သွားရောက်ခဲ့ပါသည်။ ကျွန်တော်တို့ ရန်ကုန်ပြန်သည့်ရက်တွင် ကိုသန်းထွန်းဦး မန္တလေးသို့ရောက် ရှိလာပြီး ကျွန်တော်တို့နှင့်အတူ ရန်ကုန်ပြန်ပါသည်။

၁၉၆၀ ပြည့်နှစ်လောက်ကတည်းကပင် ကျွန်တော်သည် မိတ်ဆွေ စာရေးဆရာများနှင့်အတူ နယ်တွင်ကျင်းပသော စာဆိုတော်နေ့များသို့ သွားရောက်ခဲ့သော်လည်း စာဆိုတော်ခရီးသွားဆောင်းပါးများ မရေးဖြစ်ခဲ့ပါ။ ၁၉၆၈ ခုနှစ်တွင်ကား စာဆိုတော်

mgyoe.com

mgyoe.com

အထိမ်းအမှတ်ပွဲများအကြောင်းလည်း ရေးချင်၊ ခရီးသွားသည့် အကြောင်းလည်း ရေးချင်သဖြင့် ကွမ်းခြံကုန်း၊ သံလျင် ဗိုလ်ချုပ်ရွာ၊ အင်းစိန် ပိန္နဲကုန်း၊ မအူပင်၊ ဟင်္သာတ၊ ချောက်နှင့် ပျဉ်းမနားမြို့များ တွင် ကျင်းပသော စာဆိုတော်နေ့အခမ်းအနားများ အကြောင်း တစ်နှစ်ပြီးတစ်နှစ် တစ်နယ်ပြီးတစ်နယ် ခေါင်းစဉ်ဖြင့် မိုးဝေမဂ္ဂဇင်း တွင် အခန်းဆက်ဆောင်းပါးရှည် ရေးသားခဲ့ပါသည်။

၁၉၆၉ ခုနှစ် ဧပြီလတွင် ပန်းချီစံတိုး၊ မောင်ကိုဦး (ပုဂံ)တို့ နှင့်အတူ ရန်ကုန်မှ မန္တလေးသို့ အမြန်ရထားဖြင့်သွားပြီး မန္တလေးမှ ဗန်းမော်သို့ ရေကြောင်းခရီးဖြင့် ဆန်တက်ခဲ့ကြပါသည်။ ဗန်းမော်မှ မြစ်ကြီးနားသို့ လေယာဉ်ပျံနှင့်သွားပြီး မြစ်ဆုံနှင့် တြိဂံနယ်မြေ အစွန်းသို့ သွားရောက်ခဲ့ကြပါသည်။ ယင်းခရီးကြောင်းကို **ချောက်ကမ်းပါးများအကြား ဝဲဂယက်များအလယ် ခေါင်း** စဉ်ဖြင့် မိုးဝေမဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါးရှည် ရေးခဲ့ပါ သည်။

ပြီးခဲ့သည့် ၁၉၇၀ ပြည့်နှစ် စာဆိုတော်ကာလတွင်ကား ဆင်ဖြူကျွန်း အောင်သိန်း၊ မောင်နေဝင်း၊ မင်းကျော်တို့နှင့်အတူ အထက်မြန်မာနိုင်ငံ မြင်းမူ၊ မုံရွာ၊ ဆားလင်းကြီး၊ ပခုက္ကူ၊ ကမ္မနှင့် မလှိုင်မြို့များတွင် ကျင်းပသော စာဆိုတော်နေ့ ဟောပြောပွဲ၊ ဆွေးနွေးပွဲများသို့ သွားရောက်ခဲ့ပါသည်။ ယင်းစာဆိုတော် ခရီး အကြောင်းကို ဧရာဝတီကိုဖြတ်၊ မူးကိုဖြတ်၊ ချင်းတွင်းကိုဖြတ် ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးခဲ့ပါသည်။ ယင်းဆောင်းပါးကို မလှိုင်စာဆိုတော်ပွဲအပြီး မိတ္ထီလာသို့ အသွားခရီးတွင် အဆုံးသတ် ထားပါသည်။

ယင်းစာဆိုတော်ခရီး ပြီးသည့်နောက်ပိုင်းတွင် ဆင်ဖြူကျွန်း အောင်သိန်း၊ မောင်နေဝင်းတို့နှင့်အတူ မိုးကုတ်သို့ သွားရောက် သည့် အကြောင်းကို တောင်တန်းကပြာ ကန်သာကစိမ်း အမည်ဖြင့် ဆောင်းပါး ရေးသားခဲ့ပါသည်။

ယခုအခါ ဤခရီးသွားဆောင်းပါးများကို စုစည်းပြီး

mgyoe.com

mgyoe.com


သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ် အမည်ဖြင့် စာအုပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။ ယင်းသို့ဖြင့် ဤစာအုပ်တွင် စာပေရေးရာနှင့် စပ်လျဉ်းသော ခရီးသွား ဆောင်းပါးများနှင့် တိုင်းရင်းသားလူမျိုးများ ဓလေ့ထုံးတမ်းရေးရာနှင့် စပ်လျဉ်းသော ခရီးသွား ဆောင်းပါးများ ရောပြွမ်းပါရှိနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ခရီးသွားခြင်းသည် ခရီးသွားခြင်းသာဖြစ်သဖြင့် စာပေရေးရာ သက်သက်၊ တိုင်းရင်းသားလူမျိုးများရေးရာသက်သက်ဟု မခွဲခြားတော့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် ပုံနှိပ်မှုအမှားအယွင်း အကျအပေါက်များ ပါရှိသည်ကို စာဖတ်သူများ သည်းခံဖတ်ရှုကြစေလိုပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကျွန်တော်၏ ဆိုးရွားညံ့ဖျင်းသော လက်ရေးသည်သာ အဓိကတရားခံ ဖြစ်ပါသည်။ စာဖတ်ပရိသတ်များ ငြီးငွေ့မည်စိုးသဖြင့် (ကျွန်တော်ကိုယ်တိုင်လည်း ငြီးငွေ့သဖြင့်) အမှားပြင်ဆင်ချက် မထည့်သွင်းတော့ပါ။ နောင်တစ်ကြိမ် ပုံနှိပ်ခွင့်ကြုံလျှင်မူ အမှားအယွင်းကင်းကင်းနှင့် အစီအစဉ်ကျကျဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပါမည်။ စာဖတ်သူများကလည်း ထောင့်အသီးသီးမှ ဝေဖန်ထောက်ပြစေလိုပါသည်။

နတ်နွယ်

၁၄.၇.၁၉၇၁

❐

mgyoe.com

mgyoe.com

## ဒုတိယပုံနှိပ်ခြင်းအမှာ

ဒုတိယအကြိမ်ပုံနှိပ်ခြင်းတွင် မိမိ သွားရောက်ရာ ဒေသများနှင့် ခရီးစဉ်ကို စာဖတ်သူတို့အလွယ်တကူ သိရှိနိုင်စေရန် မာတိကာထည့်ပေးထားပါသည်။ ထိုမှတစ်ပါးကား လူပုဂ္ဂိုလ်အမည်နှင့် အရပ်ဒေသအမည်၊ ပုံနှိပ်အမှားများနှင့် စာအကျအပေါက်များကို ပြင်ဆင်သည်မှအပ၊ စာလုံးပေါင်း သတ်ပုံများကို ခေတ်နှင့်အညီ ပြင်ဆင်သည်မှအပ အခြား တစ်စုံတစ်ရာ ဖြည့်စွက်ပြင်ဆင်ထားခြင်း မရှိပါ။

၁၂/၂/၂၀၀၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မဲဇာမှ နမ့်ထုံခသို့
## တစ်တောင်ကျော် တစ်တောင်ဆင်း

လက်ယာဘက်ပြတင်းပေါက်မှ အနောက်ဘက်သို့ ပြန်စောင်းကြည့်လိုက်သောအခါ ဝါကျင်ကျင်၊ ပြာလဲ့လဲ့၊ စိမ်းဖန့်ဖန့် မီးရောင်များဖြင့် အနီးအဝေး အနိမ့်အမြင့် ဖြစ်ပေါ်နေသော စစ်ကိုင်းတောင်ရိုးကို ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။ ဆွမ်းဦးပုညရှင်နှင့် ပတ္တမြားစေတီအကြား အမြင့်တစ်နေရာတွင် ဝိုင်းစက်သော လဝန်းဝါဝါ ရှိနေသည်။

တပေါင်းလပြည့်ကျော် တစ်ရက်နေ့ ဖြစ်ချေ၍။

ရထားသည်ပို၍ မြန်လာ၏။ ပို၍ ဆူညံလာ၏။ အပြန့်ကျယ်သောလွင်ပြင်ကြီးကို ညအခါတွင် ဖြတ်သန်းနေသဖြင့် တွဲများကို လေရိုက်သံ၊ လေတိုးသံ၊ လေခိုသံတို့သည် တဝေါဝေါ မြည်နေ၏။ လေသံရပ်သွားသောအခါများတွင် ဘီးနှင့် သံလမ်းပွတ်တိုက်သံချည်းသက်သက်။

လက်ဝဲဘက်ပြတင်းမှ ရှေ့ဘက်သို့ အမှတ်တမဲ့ကြည့်လိုက်သောအခါ ရုတ်တရက်မို့ သိမ့်ခနဲတုန်သွားသည်။ ကွင်းပြင်ကျယ်ကြီးအလယ်တွင် ဖြူဖွေးကြီးမားသော အရာတစ်ခုကို မြင်ရ၍ဖြစ်သည်။ လရောင်တွင် ဖွေးဖွေးဖြူနေသည်။ အထုအထည်ကြီးမား၍ ရေခဲတောင်တစ်ခုပမာ မြင့်တက်နေသည်။

ကောင်းမှုတော်စေတီတည်း။

mgyoe.com

mgyoe.com

အထုအထည်အားဖြင့်လည်းကောင်း၊ ပုံပန်းသဏ္ဍာန်အားဖြင့်လည်းကောင်း၊ တည်ရာဒေသအားဖြင့်လည်းကောင်း ကြည့်မြင်သူတို့၏ စိတ်ကို ပကတိဖမ်းချုပ်နိုင်စွမ်းရှိသည်။

ပြန့်အလယ်တွင် တည်ငြိမ်အေးဆေးစွာ တည်ရှိနေသော ကျောင်းမှုတော် စေတီကို ကျွန်တော်သည် အတန်ကြာမျှ ကြည်ညိုကြည့်ရှုနေမိသည်။

"ကျွန်တော်တို့ အင်းတော်ကို ဘယ်အချိန်လောက် ရောက်မလဲ"

ခရီးဖော် ကိုသန်းထွန်းဦး (ပုဂံ) ၏ အသံကြောင့် ကျွန်တော် လန့်သွားသည်။ လှည့်ကြည့်လိုက်သောအခါ ကိုသန်းထွန်းဦးသည် သမ်းဝေလျက်ရှိပြီ ဖြစ်ကြောင်းကို တွေ့ရသည်။ လက်မှနာရီကို ကြည့်သောအခါ ဆယ်နာရီ ထိုးတော့မည်။ ထုံးစံဆိုလျှင် မြစ်ကြီးနားရထားသည် မန္တလေးမှ ညရှစ်နာရီခွဲတွင် ထွက်သည်။ သို့သော် ယနေ့ည နောက်ကျသည်။ ရန်ကုန်မှလာသော အမြန်ရထားကိုစောင့်နေ၍ ကိုးနာရီကျော်မှ ထွက်သည်။

"မနက်မိုးလင်းလောက်မှရောက်မှာပါ၊ ဘာလဲ… ခင်ဗျား အိပ်ချင်ပြီလား၊ အိပ်လေ.. ရပါတယ်၊ ကျွန်တော်လည်း ကနေ့ညတော့ အိပ်ရမယ်၊ အင်းတော်ကို လွန်ပြီးပါသွားရင်လည်း နိုးတဲ့ဘူတာကျမှ ဆင်းကြတာပေါ့၊ ကျွန်တော်တို့အဖို့တော့ ဘယ်ရောက်ရောက် အရှုံးမရှိပါဘူး"

"ကောင်းသားပဲ"

"နေဦးလေ၊ စိတ်ချရအောင် ကျွန်တော်တို့ တွဲစောင့်ကို မေးကြည့်ကြသေးတာပေါ့"

မကြာမီတွင် တွဲစောင့်ရောက်လာသည်။ ခေါင်းအုံး၊ စောင်နှင့် အိပ်ရာခင်းများ လာပေးခြင်းပင် ဖြစ်သည်။

"ဆရာတို့ စိတ်ချလက်ချ အိပ်ကြပါ၊ အင်းတော်ကို မနက်ငါးနာရီခွဲ ခြောက်နာရီလောက်မှ ရောက်မှာပါ၊ ဒါ့ထက် မစောပါဘူး"

တွဲစောင့်က တာဝန်ခံသည်။ သို့ဖြင့် ကိုသန်းထွန်းဦးအိပ်လေတော့သည်။ ကျွန်တော်လည်း ကက်ခအလွှန်တွင် အိပ်ရာဝင်သည်။ သို့သော် ရုတ်ခြည်း အိပ်မပျော်ပါ။

အိပ်ရာမှ ပထမအကြိမ် နိုးသောအခါတွင် ဆယ့်နှစ်နာရီခွဲ။ နာရီဝက်ခန့် မျက်လုံးကြောင်နေပြီးမှ ပြန်အိပ်ပျော်သွားသည်။ နောက်တစ်ကြိမ် နိုးသော

mgyoe.com

mgyoe.com

အခါတွင် လေးနာရီ။ ရထားရပ်နေသည်။ ကိုသန်းထွန်းဦး လှုပ်လှုပ်ရှားရှား ရှိနေသည်။ ပြတင်းပေါက်ဖွင့်၍ အပြင်သို့ ကြည့်နေသည်။

"ဘာဘူတာလဲ"

"ကောလင်း"

ကျွန်တော်တို့ ပြန်မအိပ်ရဲတော့ပါ။ ခရီးလမ်းညွှန်စာအုပ်ကို ကျွန်တော် ကြည့်သည်။ ကောလင်းနှင့် အင်းတော် မိုင်ငါးဆယ်ဝေးသည်။ ကြားတွင် ခုနစ်ဘူတာ ရှိသည်။ ဝန်းသို၊ ကင်း၊ ဂျိုင်းတောင်၊ နမ်းခမ်း။

ဟုတ်ပြီ... နမ်းခမ်း။ မန္တလေး–မြစ်ကြီးနား ရထားလမ်းခရီးတွင် ကျွန်တော် အနှစ်သက်ဆုံးအပိုင်းမှာ နမ်းခမ်းနှင့် အင်းတော်ကြားဖြစ်သည်။ သည်လမ်းတွင် တောင်များကို ဖြတ်ကျော်ခုတ်မောင်းရသည့်နေရာဟူ၍ သည်တစ်နေရာသာ ရှိလေသည်။ ကျန်ခရီးမှာ လွင်ပြင်နှင့်ကျွန်းပင်များကို ဖြတ်၍သာ။

ဤအပိုင်းတွင်ကား ကျွန်တော်တို့သည် မင်းဝံတောင်တန်းကို ဖြတ်ကျော်ရသည်။ ဘုံချောင်းနှင့် မဲဇာချောင်းကို တွေ့ကြရသည်။ မြင့်မားသော တောင်ကမ်းပါးယံကြီးနှင့် နက်စောက်သော ချောက်ကြီးများကို မြင်ရသည်။ မိုးအခါဆိုလျှင် ရေသံတဝေါဝေါ ကြားနေရသည်။ ဘယ်နေရာ ကြည့်ကြည့် တောင်ကျစမ်းများ တသွင်သွင်။

ဂျပန်ခေတ်က ကျွန်တော်တို့မိသားစု မြစ်ကြီးနားမှ စစ်ကိုင်းသို့ ပြောင်းရွှေ့ကြစဉ်က ဘုံချောင်းတံတားပျက်နေသဖြင့် ဝန်စည်စလယ်များကို နှစ်ဖာလုံခန့် သယ်ပိုး၍ ရထားပြောင်းခဲ့ရသည်။ တမြန်နှစ်က မြစ်ကြီးနားသို့ သွားစဉ်ကလည်း ရထားလမ်းပျက်နေသဖြင့် နမ်းခမ်းတွင် လေးနာရီခန့် သောင်တင်နေခဲ့သည်။

အပြင်ဘက်တွင် လရောင်ဝင်းလက်နေဆဲဖြစ်သည်။ လရောင်အောက်တွင် နေကြာခင်းများနှင့် ငှက်ပျောတောများသည် လန်းဆန်းလျက် ရှိကြသည်။ အပွင့်များ၊ အရွက်များ ညင်သာစွာ လှုပ်ရှားနေသည်ကို မြင်တွေ့ရသဖြင့် တပေါင်းလေ စိတ်ကောင်းဝင်နေကြောင်း တွေ့ရသည်။ လွန်ခဲ့သည့် တစ်ရက်နှစ်ရက်ကဆိုလျှင် မိုးနှင့်လေ အတော်ကြမ်းခဲ့သည်ဟု ဆိုသည်။ ယခုပင် ကျိုးပြတ်နေသော သစ်ကိုင်းများ၊ အိုင်ထွန်းနေသော ရေများကို

mgyoe.com

mgyoe.com

တွေ့ရသည်။

နမ်းခမ်း၊ ဘုံချောင်း၊ မဲဇာ၊ ဆယ်ရွာတို့ကိုလွန်သော် အင်းတော်ကို ရောက်သည်။ နံနက်ခြောက်နာရီအတိပင်ဖြစ်သည်။ မြို့သည် လွန့်နိုးစ။

ဘူတာတွင် မတင်ပု လာကြိုသည်။ လမ်းတစ်ဝက်လောက်ရောက်မှ ကိုမြင့်သိန်း လိုက်လာသည်ကို တွေ့ရသည်။ လင်မယားနှစ်ယောက်စလုံးပင် ကျွန်တော်နှင့် သူငယ်ချင်းများ ဖြစ်ကြသည်။

ယောက်ျားက ကျန်းမာရေးမှူး၊ မန်ထုံတွင်။ မိန်းမက အထက်တန်းပြ ဆရာမ၊ အင်းတော်တွင်။ မန်းထုံနှင့် အင်းတော်သည် မိုင်ငါးဆယ်မျှ ကွာလှမ်း သည်။ ခရီးကြမ်းသဖြင့် တစ်နေ့ ပြင်းပြင်းသွားရသည်။ ကျွန်တော်တို့ လာမည်ဆို၍ အင်းတော်သို့ ကိုမြင့်သိန်း ခေတ္တရောက်နေခြင်းဖြစ်သည်။

အိမ်နှင့် ဘူတာက မဝေးလှ။ မြို့ကလည်း မကြီးလှ။

မြန်မာပြည်မြောက်ပိုင်းတွင် အင်းကြီးနှစ်အင်း ရှိသည်။ တစ်ခုက ကချင်ပြည်နယ် ကျောက်စိမ်းတွင်းနယ်တွင် ရှိသည်။ နောက်တစ်ခုက ဤအင်းတော်လေး။ ကသာခရိုင်တွင် ပါဝင်သည်။ သို့သော် အင်းတော်လေး ဟု မခေါ်ကြ။ အင်းတော်ဟုပင် ခေါ်ကြသည်။ အင်းတော်ကြီးနှင့် အင်းတော် လေးသမိုင်းတို့သည် မြန်မာပြည်အထက်ဖျား၏ သမိုင်းတစ်စိတ်တစ်ဒေသ ပင် ဖြစ်သည်။ ဤအင်းနှစ်အင်းသည် ပူတာအိုခရိုင် ခမ္ပတီးလုံဒေသနှင့်လည်း ဆက်သွယ်လျက်ရှိသည်။

ကျောတွင် ကလေးငယ်များကို ပိုးနှောင်လျက် ဈေးရောင်းဈေးဝယ် သွားကြသော ရှမ်းအမျိုးသမီးများကို လမ်းတွင်တွေ့ရသည်။ ဈေးဝယ်မည့် သူများက လက်တွင်ကြိမ်ခြင်းဆွဲလျက်။ ဈေးရောင်းမည့်သူများက နပန်း ကွင်းတောင်းနှစ်ခုကို ထမ်းပိုးဖြင့်လျှိုထမ်းလျက်။ ခုနစ်နာရီလောက်ဆိုလျှင် ဈေးကွဲမည်ဖြစ်၍ သူတို့သည် သုတ်သီးသုတ်ပျာ သွားနေကြသည်။ 'ဗမာစော ရှမ်းတောကပြန်' ဆိုသည်မှာ ဤသူများပင်။

အိမ်သို့ရောက်သောအခါ လက်ဖက်ရည်သောက်ရင်း၊ မုန့်စားရင်းနှင့် ရှေးဟောင်းနှောင်းဖြစ်နှင့် ခရီးအစီအစဉ်များပြောကြသည်။ ကျွန်တော်တို့ သည် ရှေးဟောင်းနှောင်းဖြစ်များ အတန်ငယ်ပြောဆိုပြီးနောက် ခရီးစဉ် တိုင်ပင်ကြသည်။ ထိုနေ့သည် တော်လှန်ရေးနေ့ဖြစ်သည်။ ကသာတွင်

mgyoe.com

mgyoe.com


မနောပွဲရှိသည်။ အင်းတော်မှလူများ ကသာသို့ အစုအဝေးနှင့် ကားများဖြင့် ညချင်းပြန်သွားရန် စီစဉ်နေကြသည်။ ကျွန်တော်က မနောပွဲလည်း ကြည့်လို သည်။ လူစုလူဝေးနှင့် ညချင်းပြန်ခရီးလည်း သွားလိုသည်။

သို့သော် ဗန်းမောက်သို့သွားရန်လည်း ယနေ့ကား အဆင်သင့်နေ သည်။ ကိုမြင့်သိန်းနှင့် မယားညီအစ်ကိုတော်သူ၏ကားသည် ယနေ့ ဗန်းမောက်သို့ထွက်ပြီး နက်ဖြန်မနက်တွင် အင်းတော်သို့ ပြန်လာမည်ဖြစ် သည်။ သို့ဖြင့် ကျွန်တော်သည် ဗန်းမောက်သို့ အရင်သွားမည်လား၊ ကသာ သို့ အရင်သွားမည်လားကို ရွေးချယ်ဆုံးဖြတ်ရတော့သည်။ ကသာသို့သွား ရန်လည်း လွယ်သည်။ ရောက်ဖြစ်ရန်လည်းလွယ်သည်။ ဗန်းမောက်သို့ သွားရန်မလွယ်။ လမ်းကြမ်းသည်။ အခြေအနေမသင့်လျှင် သွားဖြစ်ရန် မလွယ်ကူချေ။ ထို့ပြင် ကျွန်တော်သည် ကဒူးကနန်းတို့၏ နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးအခြေအနေတို့ကို ပို၍သိလိုသည်။ ထို့ကြောင့် ဗန်းမောက်သို့ အရင်သွားရန် သဘောတူလိုက်ကြသည်။

နံနက်ထမင်းစားပြီးချိန်တွင်မှ ကားထွက်မည်ဆိုသဖြင့် ကျွန်တော်တို့ မြို့ကိုလှည့်ကြည့်သည်။ ကျွန်တော်နှင့်အတူ စာပေသမားတစ်ဦးဖြစ်သူ ကိုအောင်မင်း လိုက်ပါလာသည်။ သူသည် စာအလွန်ဖတ်သည်။ စာရေး ဆရာများအကြောင်း၊ စာအကြောင်း အတော်သိသည်။ အတော်စိတ်ဝင်စား သည်။ စာဖတ်သူတစ်ဦးအနေဖြင့် ထင်မြင်ချက်များ၊ ဝေဖန်ချက်များပေး သည်။ သူသာမက ဤဒေသမှ လူငယ်အများအပြား စာဖတ်ကြကြောင်း သိရသည်။ သူတို့၏ စာဖတ်အဆင့်အတန်းမြင့်မားကြောင်း သိမြင်ရသည်။ မိမိတို့ပိုင်နိုင်သော နယ်မြေနှင့် လုပ်ငန်းကိုအခြေခံ၍ စာရေးကြရန်သူတို့ကို ကျွန်တော် တိုက်တွန်းသည်။

အင်းတော်မြို့သည် အင်းတော်ချောင်းနှင့် ရထားလမ်းအကြားတွင် အရှေ့အနောက်တန်းနေသည်။ ကျွန်တော်တို့သည် မြို့အရှေ့ဘက်ရှိ လောကမာရဇိန်ဘုရားသို့ လျှောက်ခဲ့ကြသည်။ ဘုရားကုန်းတော်သည် အတန်ငယ်မြင့်သည်။ ကုန်းတော်ထက်မှ ကြည့်သောအခါ အင်းတော် တစ်မြို့လုံးနှင့် အနီးဝန်းကျင်ရွာများကို မြင်ရသည်။ ချောင်းတစ်လျှောက်တွင် ရေချိုးနေသူများကို မြင်ရသည်။ ပြာလဲ့သော အင်းရေပြင်တစ်ခုလုံးကို တွေ့ရ

mgyoe.com

mgyoe.com


သည်။ အလျားသုံးမိုင်၊ အနံတစ်မိုင်ခန့်ရှိသည်။ သည်အင်းကိုမှီ၍ ဆည်ရွာဖြစ်ပေါ်သည်။ ဆည်ရွာနှင့် မလှမ်းမကမ်းတွင် မန်လည်ဆရာတော်ဘုရားကြီး၏ ဇာတိရွာဖြစ်သော မန်လည်ရွာရှိသည်။ မန်လည်ပိဋကတ်တိုက်သည် သုတေသီများ ပျော်ပိုက်ရာ ဖြစ်သည်။ တစ်လောကပင် မန်လည်ပိဋကတ်တိုက်မှ ရရှိသော ပေမူတစ်ခုကို ရန်ကုန်မှ ပုံနှိပ်ထုတ်ဝေကြသည်။ မန်လည်တွင် ပုံမနှိပ်ရသေးသော ပေမူ အမြောက်အမြားရှိသည်ဟု သိရသည်။

အနောက်ယွန်းယွန်းတွင် လှပသော တောင်ထွတ်တစ်ခုကို မြင်ရသည်။ သူများထက်လည်း မြင့်သည်။ သူများထက်လည်း ပုံသဏ္ဌာန်ထူးခြားသည်။ ဂျပန်ပြည်မှ ဖူဂျီယာမာနှင့် ဆင်သည်။

"အဲဒါ ဘာတောင်လဲ"

"မိုင်းသုံ"

"အတော်မြင့်တာပဲ"

"အမြင့်ပေ ငါးထောင့်ငါးရာလောက် ရှိတယ်"

ကျွန်တော်တို့သည် ဘုရားကုန်းတော်ပေါ်တွင် ပေရည်သောက်ပြီးနောက် မြို့တွင်းသို့ ပြန်ခဲ့ကြသည်။ တည်းအိမ်သို့ရောက်သောအခါ ဆယ်နာရီထိုးပြီဖြစ်၍ ကမန်းကတန်း ရေချိုးကြသည်။ ထိုအချိန်ထိ အအေးဓာတ် ရှိနေဆဲဖြစ်သည်။ နံနက် ရှစ်နာရီလောက်ကဆိုလျှင် နှင်းများကျနေသဖြင့် အတော်အေးသည်။ အနွေးထည်များ ထပ်ဝတ်ထားကြရသည်။ ဤအချိန်မျိုး တွင် မန္တလေးနှင့် ရန်ကုန်တွင် အဘယ်မျှပူလိုက်ချေမည်နည်းဟု မှန်းဆ ကြည့်မိသည်။

ရေချိုး၍ မပြီးတတ်မီမှာပင် ကားထွက်တော့မည်ဟု ခေါ်လာသည်။ သို့ဖြင့် ကျွန်တော်တို့သည် ထမင်းကို ကသုတ်ကရက် စားကြရသည်။ သည်အထဲတွင် ထမင်းကစား၍ကောင်းနေသည်။ တော်တော်နှင့် လက်စမသတ်ချင်ဘဲရှိနေသည်။ ကိုမြင့်သိန်း မန်ထုံမှယူလာသော တောဝက်သားသည် ကောင်းမွန်လှသည်။ တောဝက်ခေါက်သည် ပါးလှပ်၍ကြွပ်ဆတ်သည်။ စားရသည်မှာ တထုတ်ထုတ်ရှိသည်။ ယင်းအပြင် ဟင်းရွက်သုပ်တစ်ခုမှာ နူးညံ့လှသည်။ ကျွန်တော်သည် ဟင်းသီးဟင်းရွက်အစားများသော ကချင်ပြည်နယ်မှာလည်း နေဖူးသည်။ မြန်မာပြည်အလယ်ပိုင်းမှာလည်း

mgyoe.com

mgyoe.com
နေဖူးသည်။ အတော်လည်း စုံစုံစေ့စေ့ စားဖူးသည်။ သို့သော် ထိုအရွက်သုပ်ကိုကား မစားဖူးချေ။ ဘာမှန်းမသိချေ။ သို့ဖြင့် မတင်ပုကို မေးကြည့်သောအခါ အံ့သြရသည်။ သရက်ရွက်သုပ်တဲ့။

* * *

နံနက်ဆယ်နာရီခွဲလောက်တွင် ကျွန်တော်တို့ကားသည် အင်းတော်မှ ထွက်ခဲ့သည်။ ထိုကားသည် ကုန်ကားဆိုလည်း ဟုတ်၏။ ခရီးသည်တင်ကားဆိုလည်း ဟုတ်၏။ ကုန်ရလျှင် ကုန်တင်သည်။ လူရလျှင် လူတင်သည်။ အပြည့်အသိပ် တင်သည်။ တစ်နေ့လျှင် တစ်စီးသာရှိသည်။ အင်းတော်နှင့် ဗန်းမောက် ပြေးဆွဲသောကား စုစုပေါင်းခြောက်စီးသာ ရှိသည်။ တစ်နေ့တစ်စီး အလှည့်ကျထွက်ရသည်။

ကျွန်တော်တို့အတွက် ရှေ့ခန်းမှနေရာရရန် မနက်ကတည်းက ကြိုပြောထားခဲ့ရသည်။ အမှန်အတိုင်းဆိုရလျှင် ရဖို့ပင်ဖြစ်သည်။ သို့သော် ကျွန်တော်တို့ထက် တန်ခိုးကြီးသူများပေါ်ပေါက်လာသဖြင့် ကျွန်တော်တို့မှာ ဖြစ်သလိုစီးနင်းလိုက်ပါရသည်။ ဖြစ်သလိုဆိုသည့်အစား 'ခက်ခက်ခဲခဲ' ဟုပင် သုံးသင့်သည်။ အကြောင်းမူ ကားပေါ်သို့ရောက်အောင်ပင် အတော်ကြီး ခက်ခက်ခဲခဲတက်ယူရသောကြောင့်ဖြစ်သည်။ ကားပေါ်တွင် လူတွေ ပြည့်ကျပ်နေသည်။ မတ်တတ်ရပ်ရန်ပင် နေရာမရှိချေ။ မနည်းပင် တိုးဝှေ့ကြရသည်။

ကားမှာ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တပ်များသုံးသော ဂျီအင်မ်စီထရပ်ကားကြီးဖြစ်သည်။ ယင်းကားမျိုးသည် ကြမ်းတမ်းမတ်စောက်သော တောင်ပေါ်လမ်းများအတွက် အထူးပြုလုပ်ထားသောကားမျိုးဖြစ်သည်။ အရေးရှိလျှင် အသုံးပြုရန်ရှေ့တွင် ဝန်ဆွဲစက်ပါသည်။ ဤခရီးလမ်းမျိုးတွင် ဤကားမျိုးသာသွားနိုင်ပေသည်။ ရန်ကုန်မှ ဘတ်စ်ကားများဆိုလျှင် သုံးမိုင်လောက်မောင်းမိလျှင်ပင် တစ်စစီတစ်ပိုင်းစီ လိုက်ကောက်ယူရပေမည်။ လမ်းသည်ဤမျှအထိ ကြမ်းတမ်းလှပေသည်။

အင်းတော်နှင့် ဗန်းမောက်သည် မိုင်သုံးဆယ်မျှသာဝေးသော်လည်း ယခုလိုနွေရာသီမှာပင် သုံးနာရီမျှမောင်းရသည်။ မိုးတွင်းဆိုလျှင် တစ်နေ

mgyoe.com

ကုန်သည်ဟုသိရသည်။ ဝန်ဆွဲစက်ကိုအသုံးပြု၍ တက်ကြရသည်။ ယင်းကြောင့်ပင် နွေအခါတွင် ကားခသုံးကျပ်ယူပြီး မိုးအခါတွင် ငါးကျပ် ယူသည်ဟု ဆိုသည်။ အချို့သောသူများသည် မိုးအခါတွင် ကားမစီးကြတော့ချေ။ ခြေကျင်လျှောက်ကြသည်။ အင်းတော်မှ နံနက်ခြောက်နာရီထွက်လျှင် ဗန်းမောက်သို့ နေ့လယ်နှစ်နာရီလောက်တွင် ရောက်သည်ဟုအဆိုရှိကြသည်။

ကားသည် ပထမတွင် အင်းကိုပတ်၍မောင်းသည်။ ထို့နောက် မဲဇာချောင်းကို ဖြောင်၍မောင်းသည်။ မော်တိတ်သို့ရောက်သောအခါ ရှေ့ခန်းမှ တန်ခိုးကြီးသူများ ဆင်းသွားသဖြင့် ကျွန်တော်တို့ ရှေ့ခန်းသို့ ရောက်သွားသည်။ သည်အခါ လမ်း၏ကြမ်းတမ်းမှုကို ပို၍ တွေ့မြင်ရသည်။ အဆင်းအတက်တို့သည် များသောအားဖြင့် ၄၅ ဒီဂရီမှ ၆၀ ဒီဂရီထိ မတ်စောက်သည်။ ထို့ပြင် ပြေလျောသည့်အပိုင်းဟူ၍ နည်းပါးလှသည်။ ဆင်းပြီးလျှင် တက်၊ တက်ပြီးလျှင် ဆင်းဖြစ်သည်။ လမ်းသည် မတ်စောက်ရုံမျှမက အကွေ့အကောက်များလှသည်။ ဖြောင့်စင်းသည်ဟူ၍ မရှိသလောက်တည်း။ ယင်းအပြင် လမ်း၏မျက်နှာပြင်မှာလည်း မညီညာချေ။ ကားသည်အမြဲတမ်း ဘယ်ညာယိမ်းနေသည်။ အစဉ်သဖြင့်ကွေ့နေသည်။ အဆက်မပြတ် အဆင်းအတက် ပြုနေသည်။ ကားမောင်းသူသည် စတီယာရင်ကို လက်တစ်ဖက်တည်းဖြင့်သာ ထိန်းနေရသည်။ သူ၏လက်တစ်ဖက်သည် ဂီယာမပြတ် ကိုင်ထားရသည်။ တစ်မိနစ်လျှင် နှစ်ကြိမ်ခန့် ဂီယာပြောင်းနေရသည်။ ဘရိတ်ကို အမြဲတမ်း 'တော့' နေရသည်။

သို့သော် တစ်ဖက်မှ အသည်းထိတ်ရသလို တစ်ဖက်တွင် တောတောင်သဘာဝသည် လှပလှပေသည်။ ကျွန်းပင်များသည် ချောလှသည်။ မဲဇာချောင်းသည် မြွေကြီးတစ်ကောင်ပမာ တောင်များအကြားတွင် ခွေဝန်းလျက်ရှိသည်။ ချောင်းပြင်သည် ညီညာပြန့်ပြူးသည်။ သဲသောင်ဖြူဖြူများ ထွန်းနေသည်။ ချောင်းရေသည် ကြည်လင်၍ ညင်သာစွာ စီးဆင်းနေသည်။ ချောင်းကမ်းပါးတစ်လျှောက်တွင် နေကြာခင်းများ တွေ့ရသည်။ နေကြာပွင့်ဝါဝါများသည် နေရောင်နုနုတွင် လန်းဆတ်လျက် ရှိကြသည်။

ကျွန်တော်တို့သည် မဲဇာချောင်းနှင့် ခွာလိုက်ကပ်လိုက်ဖြင့် အတော်ကြာမောင်းခဲ့ပြီးသည့်နောက်ပိုင်းတွင်မှ မဲဇာချောင်းကို ဖြတ်ကူးကြရသည်။

mgyoe.com

mgyoe.com

မဲဇာချောင်းကို ကျွဲကောချောင်းဟုလည်း ခေါ်ကြသည်။ ကျွန်တော်တို့ ဖြတ်ကူးသည့်နေရာ၏ တစ်ဖက်ကမ်းတွင် ကျွဲကောကြီးရွာ တည်ရှိသည်။ ချောင်းကူးတံတားမရှိပါ။ ရေနည်းချိန်ဖြစ်၍ တစ်တောင်ခန့်နက်သော ချောင်းရေကို ဖြတ်မောင်းခြင်းဖြစ်ပါသည်။ ချောင်းအောက်ခံသည် သဲမြေဖြစ်သည်။ ဖြတ်ကူးနေရင်းနှင့် စက်ချွတ်ယွင်းသွားခဲ့လျှင် ကားသည် မြန်မာပြည်အလယ်ပိုင်းသဲချောင်းများကဲ့သို့ပင် ကျွံဝင်သွားပေမည်။ ချောင်း ရေပြင်ကို ဖြတ်ရသည်။ ချောင်းကမ်းပါးနှစ်ဖက်ကို ဆင်းရ၊ တက်ရသည်က ရင်တုန်ဖွယ်ရာကောင်းလှသည်။ ချောင်းကမ်းပါးနှစ်ဖက်သည် ၆၀ ဒီဂရီမျှ မတ်စောက်၍ ပေနှစ်ဆယ်မျှ နိမ့်မြင့်ခြင်း ရှိလေသည်။ မိုးအခါတွင်ဆိုလျှင် ချောင်းနှစ်ဖက် သွပ်ကြိုးတန်းပြီး မောင်းနှင်ကူးကြရသည်။

ကျွန်တော်သည် ချောင်းတစ်ဖက်ထိပ်သို့ ရောက်သွားသောအခါမှပင် သက်ပြင်းချနိုင်သည်။ ဤတွင် ကျွန်တော်တို့ လက်ဖက်ရည်သောက်ကြသည်။ မဲဇာချောင်းကမ်းပါးထက်တွင် တည်ရှိသော ကျွဲကောဘုန်းကြီးကျောင်းသည် ကျွန်းလုံးတိုင်ကြီးများဖြင့် ခန့်ညားထည်ဝါလှသည်။ မန္တလေးမြို့ရှိ ကျောင်းတိုက်ကြီးများနှင့် ယှဉ်ပြိုင်နိုင်ခြင်း ရှိသည်။ သို့သော် ကျွဲကောရွာသည် အိမ်ခြေ ၂၀ မျှသာ ရှိချေသည်။

ကျွဲကောကြီးတွင် ခဏမျှနားနေကြပြီးနောက် ခရီးဆက်ခဲ့ကြသည်။ နာရီပြန်နှစ်ချက် မထိုးမီ ဗန်းမောက်သို့ ရောက်ရှိသွားကြသည်။

ဗန်းမောက်မြို့သည် တောင်များ၏အလယ်ပြန့်ငယ်ထဲတွင် တည်ရှိသည်။ မြို့ပတ်ပတ်လည်တွင် တောင်များ နီးကပ်စွာ ဝန်းရံလျက်ရှိသည်။ မတ်စောက်သော တောင်ကုန်းတစ်ခုထက်သို့ ရောက်သွားသောအခါတွင် ဗန်းမောက်မြို့ကို အောက်ဘက်တွင် လှပစွာ တွေ့ရှိသည်။ ဗန်းမောက်မြို့အဝင်မှတွေ့မြင်ရသော ရှုခင်းသည် အတော်ပင်လှပသည်။

ဗန်းမောက်မြို့သည် အရှေ့အနောက် ခပ်မျှင်မျှင်လေး တန်းနေသည်။ မြို့၏တောင်ဘက်တွင် နီးကပ်စွာကပ်လျက်ရှိသော တောင်ကိုမြင်ရသည်မှာ စိတ်ကြည်နူးဖွယ်ရာကောင်းလှသည်။ တောင်ထိပ်တွင် ဟောင်းမြင်းသော စေတီတစ်ဆူနှင့် ဘုန်းကြီးကျောင်းငယ်တစ်ခုရှိသည်။ ကျုံးတောင်ဟုခေါ်ကြသည်။ နဂါးရစ်တောင်ဟုလည်း အမည်ရှိသည်။ ဗန်းမောက်မြို့အဝင်
mgyoe.com

mgyoe.com
တောင်ကုန်းထက်မှနေ၍ မြောက်ယွန်းယွန်းသို့ ဂရုပြု၍ကြည့်လျှင် ဇလုံတောင်ကို တောင်ကြီးနှစ်လုံးကြားတွင် မြင်ရသည်။ ဇလုံတောင်၏ ပုံသဏ္ဍာန်သည် ပုပ္ပားတောင်ကလပ်နှင့် တူသည်။ ကြီးမားသော ကျောက်တုံးတစ်တုံးတည်းဖြင့် ဖြစ်ပေါ်နေသည်ဟုဆိုသည်။ မတ်စောက်ချောမွတ်သဖြင့် အထူးပင် တက်ရခက်သည်ဟုဆိုသည်။

ဗန်းမောက်မြို့တွင်းသို့ ရောက်ရှိသောအခါတွင်ကား ကျုံးတောင်သည် ခေါင်းပေါ်တွင်မိုးလျက်ရှိသည်။ ဇလုံတောင်ကိုကား မမြင်ရတော့ချေ။ မြို့အနေအထားနှင့် ရာသီဥတုအခြေအနေမှာ ရှမ်းပြည်နယ်တောင်ပိုင်း မြို့ကလေးတစ်မြို့နှင့် ဆင်သည်။ သို့သော် ဗန်းမောက်သည် မြို့ဟု ဆိုလင့်ကစား၊ မြို့သမိုင်းတွင် ထင်ရှားလင့်ကစား အိမ်ခြေ ၂၀၀ မျှသာ ရှိလေသည်။ မြန်မာပြည်တွင် အငယ်ဆုံးမြို့တစ်မြို့ဟု ဆိုနိုင်လေသည်။

မြို့၏အနောက်စွန်တွင် ကိုမြင့်သိန်းတို့ ငှားထားသော အိမ်ရှိသည်။ ထိုအိမ်သို့သွားကြသည်။ အိမ်မှာ သုံးပင်နှစ်ခန်း နှစ်ထပ်အိမ်ဖြစ်သည်။ တစ်အိမ်လုံးမရဘဲ အထက်ထပ်ကိုသာ ငှား၍ရသည်။ အိမ်တွင်ရှိသူ နှစ်ဦးနှင့် ကျွန်တော်တို့လေးယောက် ပေါင်းလိုက်သောအခါ အထက်ထပ်တစ်ခုလုံး ပြည့်သွားတော့သည်။ ထိုအခါ ကျောင်းသားဘဝကို အမှတ်ရမိသည်။ အခန်းကျဉ်းကလေးများတွင် ပြွတ်သိပ်၍ နေခဲ့ကြရသည့်အဖြစ်များ။ စုပြု၍ ငတ်ခဲ့ကြရသည့်အဖြစ်များ။

ကျွန်တော်တို့သည် ခဏတစ်ဖြုတ်နားပြီးနောက် မြို့ထဲသို့လျှောက်ကြသည်။ မြို့ထဲသို့ လျှောက်သည်ဆိုသော်လည်း အထူးတလည် လျှောက်စရာ မရှိပါ။ သည်လမ်းတစ်လမ်းသာရှိပါသည်။ စောစောက သည်လမ်းအတိုင်း အနောက်သို့ လျှောက်ခဲ့ကြသည်။ ယခုအရှေ့သို့ပြန်၍ လျှောက်ကြသည်။ သို့သော် အနည်းငယ် အနားရသွားပြီဖြစ်သဖြင့် မြို့အခြေအနေကို အကဲခတ်နိုင်သည်။

ဗန်းမောက်တွင်ရှမ်းနှင့် ကဒူးများသည်။ အနီးဝန်းကျင်မှ ရွာများသည် ကဒူးရွာများသာဖြစ်ကြသည်။ သို့သော် ရှမ်းနှင့်ကဒူးသည် စကားကွဲပြားသော်လည်း ဓလေ့ထုံးတမ်းတွင်မူ သိသိသာသာကြီး ခြားနားလှသည် မရှိချေ။ သို့သော် ကနန်းတို့မှာမူကား ရှမ်းနှင့်လည်းကောင်း၊ ကဒူးနှင့်
mgyoe.com

m gyoe.com
လည်းကောင်း အတော်ကလေးသိသာအောင် ဓလေ့ထုံးတမ်းကွဲပြားခြင်း ရှိပေသည်။ သို့သော်ဗန်းမောက်အနီးတွင် ကနန်းရွာများမရှိချေ။ ကနန်း ရွာသည် ဗန်းမောက်မှ မိုင် ၂၀ ခန့် ဝေးချေသည်။

ကနန်းရွှေကျောင်းရွာဆိုလျှင် ဗန်းမောက်မှ မိုင် ၅၀ ခန့် ဝေးလေ သည်။ ဗန်းမောက်သို့ ကျွန်တော်သွားရောက်ခြင်းမှာ ကနန်းနယ်သို့ ခရီး ဆက်ရန်ဖြစ်သည်။ သို့သော် နယ်မြေအခြေအနေ မကောင်းသဖြင့် ကျွန်တော့်မှာ ယခုတစ်ခေါက်တွင် ကနန်းနယ်သို့ ရောက်တော့မည်မဟုတ် တော့ချေ။ ဗန်းမောက်ကပင် တပ်ခေါက်ရပေမည်။

ကျွန်တော်တို့သည် မြို့အရှေ့ပိုင်းရှိ တရုတ်ဆိုင်တွင် လက်ဖက်ရည် သောက်ကြသည်။ ညစာကိုလည်း ထိုဆိုင်မှာပင်စားရန် စီစဉ်သည်။ တစ်မြို့လုံးတွင် ဤတရုတ်ဆိုင် တစ်ဆိုင်သာရှိသောကြောင့်ဖြစ်သည်။

"တွေ့လား၊ ဟောဟို ရေနွေးကျိုတဲ့စည်ကြီးဟာ လေယာဉ်ပျံ ဓာတ်ဆီ တိုင်ကီကြီးပေါ့၊ မုန်ထုံဘက်မှာဆိုရင် အခုထက်ထိ လေယာဉ်ပျံပျက်တွေ ရှိသေးတယ်၊ ဝင်းဂိတ်ရဲ့ ပစ္စည်းတွေပေါ့"

ကိုမြင့်သိန်းက ပြောသည်။

ဟုတ်သည်။ ဤဒေသသည် ဒုတိယကမ္ဘာစစ်အတွင်းက ဝင်းဂိတ်၏ အခြေခံနယ်မြေပင်ဖြစ်သည်။ လွန်ခဲ့သည့် အနှစ် ရှစ်ဆယ်ကျော်ကဆိုလျှင် ဤဒေသသည် ဝန်းသိုစော်ဘွားကြီး၏ ခြေကုပ်စခန်းဖြစ်သည်။ နယ်ချဲ့ ဆန့်ကျင်ရေးအမျိုးသားလွတ်မြောက်ရေး တပ်သားများ၏ ဌာနချုပ်ဖြစ်သည်။

ကျွန်တော်တို့သည် ခရီးရောက်မဆိုက်ဆိုသလိုပင် ကျုံးတောင်ကို တက်ကြသည်။ ကျုံးတောင်ဟုခေါ်သည် တောင်ခြေတစ်ဝိုက်တွင် ကျုံးများ ရှိသောကြောင့်ဖြစ်သည်။ ဆင်ကျုံးဟုလည်း ပြောကြသည်။ မြို့ကျုံးဟုလည်း ပြောကြသည်။ ယခုအခါ ကျွန်းတောင်ဟုလည်း ခေါ်နေကြသည်။ တောင် ပေါ်တွင် ကျွန်းပင်များ ရှိသည်။

ကျုံးတောင်သည် မမြင့်လှသော်လည်း လှေကားထစ်များမရှိဘဲ တစ်ဆက်တည်းမတ်စောက်စွာ တက်ရသဖြင့် အတော်ကလေး မောပန်းကြ သည်။

"ဒီတောင်ပေါ်မှာ ဘာများထူးခြားတာ ရှိသလဲ ဘုရား"

mgyoe.com

mgyoe.com

ကျွန်တော်က တောင်ပေါ်ကျောင်းဆရာတော်ထံ လျှောက်မေးသည်။

"ဘာရှိမလဲကွ၊ ကျောက်တုံးနဲ့ သစ်ပင်ပဲရှိတာပေါ့"

ဆရာတော်က ခပ်ပြတ်ပြတ်ပင် ပြန်လည်မိန့်ကြားသည်။ ခဏကြာမှ သူ မှတ်သားသိရှိထားသော ကျုံးတောင်သမိုင်းနှင့် ဇလုံတောင်သမိုင်းတို့ကို ပြောပြသည်။

ကျွန်တော်တို့သည် တောင်ပေါ်တွင် ခဏမျှနေပြီးနောက် ဆင်းခဲ့ကြသည်။ တောင်အောက်သို့ရောက်သောအခါ နေဝင်ပြီဖြစ်သည်။ ချမ်းအေးစလည်းပြုလာသည်။ ကျွန်တော်တို့သည် တရုတ်ဆိုင်တွင် ညစာစားပြီးနောက် တည်းအိမ်သို့ပြန်ခဲ့ကြသည်။

တည်းအိမ်သို့ရောက်သောအခါ ကျွန်တော်တို့ ဝိုင်းဖွဲ့၍စကားပြောကြသည်။ အအေးဓာတ်လည်း လရောင်နှင့်အတူ အိမ်ထဲသို့ စိမ့်ဝင်လာနေသည်။ လရောင်ကို မက်မောသော်လည်း အအေးဒဏ်ကိုမခံနိုင်သဖြင့် ပြတင်းများအားလုံးကို ပိတ်ထားရသည်။ စကားဝိုင်းတွင် ကျွန်တော်တို့ အင်းတော်မှလာသူ လေးဦးအပြင် ကိုမြင့်သိန်း၏မိတ်ဆွေနှစ်ဦးဖြစ်ကြသော ကိုမောင်သိန်းနှင့် ကိုစောဘာဘာတို့ပါဝင်ကြသည်။ ကိုမောင်သိန်းသည် ကျောက်ထိုးဆရာ ဖြစ်သည်။ မနေ့တစ်နေ့ကမှ ကနန်းနယ်မှပြန်လာသူဖြစ်သည်။ သူ၏ဆေးပစ္စည်းများကို သူ့ပုန်များက သိမ်းထားလိုက်သဖြင့် လအကသို့ သတင်းပို့ထားကြောင်းပြောသည်။

ကျွန်တော်တို့သည် ကနန်းအိမ်အကြောင်း၊ ကနန်းသစ်လုံးလှေကားအကြောင်း၊ ကနန်းအပျိုဝင်ပွဲအကြောင်း စသည်ဖြင့် ကနန်းဓလေ့ထုံးတမ်းများကို ညမိုးချုပ်သည်အထိ ပြောကြပါသည်။

နောက်တစ်နေ့နံနက် ဆယ်နာရီလောက်တွင် ဗန်းမောက်မှပြန်ခဲ့ကြသည်။ ကိုးနာရီလောက်တွင် ထွက်မည်ထင်၍ ထမင်းမစားခဲ့ကြ။ သည်အထဲလမ်းတွင် ကားပျက်နေသဖြင့် အင်းတော်သို့ နာရီပြန် တစ်ချက်ခွဲပြီးမှ ရောက်ပါသည်။ ကားဆောင့်သည်ကတစ်ကြောင်း၊ အချိန်လွန်သည်က တစ်ကြောင်းကြောင့် ကျွန်တော်တို့အားလုံး အူလိမ်နေကြသည်။ တော်ပါသေးသည်။ မတင်ပုက လိုရမယ်ရဆိုပြီး အဆင်သင့် ချက်ပြုတ်ထားသည်။

mgyoe.com

mgyoe.com


ထိုညအင်းတော်တွင် အိပ်ပြီး နောက်တစ်နေ့တွင်မှ ကသာသို့ ကားဖြင့် သွားကြသည်။ လမ်းလည်းကောင်းသည်။ ကားခ တစ်ကျပ်ယူသည်။ ရထားခလည်း တစ်ကျပ်ပင်ဖြစ်သည်။ ခရီးအကွာအဝေးမှာ ဆယ့်ငါးမိုင်။ ကားလမ်းတစ်လျှောက်တွင် ကျွန်းစိုက်ခင်းများ ရှိသည်။ လမ်းတွင် နန်းကော ချောင်းကိုဖြတ်ရသည်။ အပြန်တွင်ရထားနှင့် ပြန်ခဲ့ကြသည်။

* * *

အင်းတော်၊ ဗန်းမောက်၊ ကသာတွင် သုံးရက်တာမျှ ခရီးပြင်းနှင်ပြီးနောက် မြစ်ကြီးနားသို့ ခရီးဆက်ခဲ့ကြသည်။ ရှေ့ခရီးစဉ်သည် သည့်ထက် ကြမ်းတမ်းလိမ့်မည်ဟု မျှော်လင့်ရသည်။ ကြမ်းတမ်းဆိုးရွားလွန်းသဖြင့် ကိုယ်သွားချင်သောဒေသသို့ ရောက်ချင်မှပင် ရောက်ပေလိမ့်မည်။ သို့သော် ကိုယ့်ဘက်ကမူ လက်ကုန်အောင် နှိုက်ရပေလိမ့်မည်။ အချိန်တိုတိုနှင့် ခရီးများများပေါက်ရန်။

မြစ်ကြီးနားသို့ နေ့လယ်နှစ်နာရီတွင် ရောက်သွားသည်။ ရုံးချိန်မီသေးသဖြင့် ပစ္စည်းများကို အောင်နန်းရိပ်သာရှိ ဦးလေးသိန်းအိမ်တွင် ပို့ထားခဲ့ပြီး ပထမ ပလကရုံးသို့ပြေးသည်။ ထိုတွင် ညီတစ်ယောက် ရှိသည်။ ကိုကျော်အောင်၏ ယောက်ဖ ကိုဇော်ဝင်းလည်း ရှိသည်။ ကိုဇော်ဝင်းသည် တိုင်းလက်ထောက်အင်ဂျင်နီယာအဖြစ် မြစ်ကြီးနားသို့ ပြောင်းရွှေ့သွားသည်မှာ ရက်ပိုင်းသာ ရှိသေးသည်။ ညီဖြစ်သူ အောင်လှမြင့်ကို အရင်တွေ့သည်။ ပြီးမှ ကိုဇော်ဝင်းကို သွားတွေ့သည်။ သူတို့က တိုင်းလက်ထောက်အင်ဂျင်နီယာကို ယခင် အသုံးအနှုန်းအတိုင်း လမ်းအရေးပိုင်ဟု ခေါ်ကြသည်။

အရပ်သုံးစကားနှင့်ပင်ပြောရလျှင် မြစ်ကြီးနားတွင် လမ်းမင်းကြီး တစ်ယောက်ရှိသည်။ သူ့အောက်တွင် လမ်းအရေးပိုင် သုံးယောက်ရှိသည်။ တစ်ယောက်က မြစ်ကြီးနား ဆဒုံးလမ်း၊ အခြားတစ်ယောက်က မြစ်ကြီးနား ပူတာအိုလမ်း၊ နောက်တစ်ယောက်က မြစ်ကြီးနား ပန်ဆောက်လမ်း (လီဒိုလမ်း) စသည်ဖြင့် တာဝန်ယူကြသည်။ ကိုဇော်ဝင်းသည် မြစ်ကြီးနား ဆဒုံးလမ်းကို ကိုင်ရသည်ဟု ကိုကျော်အောင်ကပြောလိုက်သဖြင့် ကျွန်တော့်မှာ အထူး

mgyoe.com

mgyoe.com
ဝမ်းသာအားတက်နေသည်။ ကျွန်တော်က မြန်မာတရုတ်နယ်စပ်ရှိ ဆဒ္ဒံနယ်သို့ အထူးသွားလိုသည်။ သို့သော် ကိုဇော်ဝင်းနှင့် တွေ့သောအခါ ဆဒ္ဒံလမ်းကို သူမကိုင်ကြောင်း၊ အခြေအနေအရပ်ရပ်အရ သွားရောက်ရန်လည်းလုံးဝမဖြစ်နိုင်ကြောင်း သိရသည်။

ကိုဇော်ဝင်း တာဝန်ကျသည်မှာ လီဒိုလမ်းဖြစ်သည်။ ထိုလမ်းကို သွားချင်လျှင်တော့ အစစအရာရာ သူစီစဥ်ပေးမည်ဟု ပြောသည်။ ကျွန်တော်က ဖားကန့်ကိုသွားလိုကြောင်း ပြောသည်။ သူက ကာမိုင်းအထိမူ သူအချိန်မရွေးအလွယ်တကူ သွားနိုင်ကြောင်း၊ ကာမိုင်းမှ ဖားကန့်သို့မူ စစ်တပ်နှင့်မှ သွားနိုင်ကြောင်း ပြောသည်။ တစ်ခါတစ်ရံတွင် စစ်တပ်သွားသည်နှင့် အလျင်အမြန် ကြုံကြိုက်တတ်ပြီး တစ်ခါတစ်ရံတွင် တစ်ပတ်နှစ်ပတ်မျှ စောင့်ရတတ်ကြောင်း ထပ်လောင်းရှင်းပြသည်။

နောက်ဆုံး ဘယ်ကိုမှမသွားနိုင်လျှင် ဤလမ်းကိုပင် သွားရပေမည်။ အနည်းဆုံး ကာမိုင်းအထိတော့ ရောက်ပေမည်။ အဆင်သင့်လျှင် ဖားကန့်ရောက်မည်။ အဆင်မသင့်လျှင် ကာမိုင်းမှ လှည့်ပြန်ခဲ့ရုံပဲရှိသည်။ မတတ်နိုင်ပါ။ ပူတာအိုသို့သွားနိုင်ရန် အရင်ကြိုးစားကြည့်ဦးမည်။ မရမှ ကာမိုင်းသို့သွားမည်ဖြစ်ကြောင်းပြောပြီး ကချင်ပြည်နယ်ဦးစီးရုံးသို့ သွားသည်။ သို့ရာတွင် ကျွန်တော် တွေ့လိုသူများ၊ ကျွန်တော်နှင့် ရင်းနှီးသူများသည် တာဝန်နှင့်အပြင်သို့ထွက်နေကြသဖြင့် မတွေ့ရပါ။ ရုံးဆင်းချိန်လည်း နီးပြီဖြစ်သဖြင့် ပူတာအိုသွားရေး အစီအစဥ်ကို နောက်နေ့မှပင် ဆက်လက်ကြိုးပမ်းရန် ရွှေ့ဆိုင်းလိုက်ရသည်။

ထိုညတွင် ကျွန်တော်တို့ ကိုဇော်ဝင်းအိမ်တွင် အိပ်ကြသည်။ ကိုဇော်ဝင်းမှာ တစ်ယောက်တည်းနေခိုက်ဖြစ်၍ လွတ်လွတ်လပ်လပ်ရှိသည်။

နောက်တစ်နေ့နံနက်စောစောတွင် ကျွန်တော်နှင့် ကိုသန်းထွန်းဦး လေယာဥ်ရုံးသို့သွား၍ သတင်းစုံစမ်းသည်။ ထုံးစံအတိုင်းဆိုလျှင် တစ်ပတ်တွင် နှစ်ခေါက်သာရှိကြောင်း၊ သို့သော် ယခုအခါ ကုန်သွယ်ရေးမှ ပစ္စည်းပို့ရန် ချာတာ အခေါက်ငါးရာရှိနေသဖြင့် တစ်ပတ်တွင် သုံးလေးခေါက်ထွက်ကြောင်း၊ ယနေ့လည်း လေယာဥ်ရှိကြောင်း၊ မနက်ဖြန်လည်း လေယာဥ်ရှိကြောင်း သိရသည်။ ထိုနေ့ လေယာဥ်နှင့် လိုက်ပါနိုင်ရန်လည်း မလွယ်ကူ
mgyoe.com

mgyoe.com
ပါချေ။ လူနှင့်လေယာဉ် မမျှဖြစ်နေသည်။ မြစ်ကြီးနား–ပူတာအို သွားလာရေးလမ်းဟူ၍ ဤလေယာဉ်တစ်လမ်းတည်းသာရှိသဖြင့် ဤမျှလူကျပ်နေခြင်းဖြစ်၏။ အချို့သူများသည် ပူတာအိုသို့သွားရန် လေယာဉ် စောင့်ဆိုင်းရင်းနှင့် မြစ်ကြီးနားတွင် သောင်တင်နေသည်မှာ တစ်လကျော်ပြီဟု ဆိုသည်။ လူအချို့သည် မနက်ဖြန် လေယာဉ်ခေါက်တွင်လည်း မပါသေးဟုဆိုသဖြင့် တဖျစ်တောက်တောက်ရှိနေကြသည်။ ဤအတိုင်းဆိုလျှင် ကျွန်တော်တို့လည်း တစ်လနှင့် ပူတာအိုရောက်နိုင်ရန် မလွယ်ပါချေ။

ကားလမ်းမှာ ယခုမှ ပြန်လည်ဖောက်လုပ်ဆဲဖြစ်သည်။ ယခုနှစ် မိုးမတိုင်မီတွင်မူ အရပ်ကားများသွားနိုင်ဦးမည် မဟုတ်ချေ။ သို့ဖြင့် ကျွန်တော့်မှာ ခဲလေသမျှသဲရေကျဖြစ်ရမည့် အခြေအနေတွင် ဆိုက်နေသည်။ ကာမိုင်းလောက်မှ လှည့်ပြန်ရလျှင်မူ အလကားပင်ဖြစ်သည်။ အချိန်ကုန် လူပန်းခရီး စရိတ်ရှုံးသည်ပင် ဖြစ်တော့သည်။

ကျွန်တော်တို့အနေနှင့် ခရီးတစ်ခေါက်တစ်ခေါက် ထွက်နိုင်ဖို့မှာ မလွယ်ကူပါချေ။ တစ်နှစ်လျှင် တစ်ခရီးထွက်နိုင်ဖို့ မနည်းကြိုးပမ်းရသည်။ ယမန်နှစ်နွေကဆိုလျှင် ကျွန်တော်ဘယ်သို့မျှ မသွားနိုင်ခဲ့။ သို့ဖြင့် သည်နှစ်နွေတွင် ခရီးထွက်ဖြစ်အောင် ထွက်မည်ဟုအစောကြီးကတည်းက ကြုံးဝါးခဲ့သည်။ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ နယ်ရှိ မိတ်ဆွေများထံကြိုတင်စာရေးခဲ့သည်။ ထုတ်ဝေသူများထံတွင် 'ဘယ်နေ့ ဘယ်ရက် ငွေဘယ်လောက်ပေးပါ' ဟု ကြိုတင်ပြောဆိုထားခဲ့သည်။ အရက်နှစ်ဆယ်၊ ဆယ့်ငါးရက်မျှ အချိန်ရရန်အတွက် မဂ္ဂဇင်းလုပ်ငန်းများကို နှစ်လစာမျှကြိုတင်ပြင်ဆင်ထားရသည်။ သို့နှင့်တိုင် တကယ်ခရီးထွက်သည့်အချိန်တွင် အဖင့်အနှဲများနှင့် ရင်ဆိုင်ရသေးသည်။ စက္ကူပြဿနာ ပေါ်ပေါက်နေသဖြင့် မဂ္ဂဇင်းလုပ်ငန်းများသည် ကိုယ်စီစဉ်သည့်အတိုင်း တိတိကျကျဖြစ်မလာ။ စရမည့်အချိန်တွင် မစနိုင်။ ပြီးရမည့်အချိန်တွင် မပြီးနိုင်။ ထုတ်ဝေသူများထံတွင် ကြိုတင်၍ပြောဆိုထားသော စာမူခများမှာလည်း အချိန်ရွှေ့ကုန်သည်။ အရေအတွက်လျော့ကုန်သည်။ သို့သော် ကိုယ်သွားမည့်ခရီးကို မဖြစ်မနေသွားမည်ဟု ပိုင်းဖြတ်ပြီး ထွက်ခဲ့သည်။

ရန်ကုန်မှ အိမ်လုံးကျွတ် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ မိသားစုကို
mgyoe.com

mgyoe.com

မန္တလေးတွင်ထားခဲ့သည်။ အပြန်မှ သူတို့ကိုပြင်ဦးလွင်၊ မုံရွာ၊ မိုးညှင်း သံဗူဒွေနှင့် ဖိုဝင်းတောင်တို့သို့ လိုက်ပို့မည်။ မူလစီစဉ်ထားသည့်အတိုင်း အင်းတော်ဝင်သည်။ ဗန်းမောက်သို့ သွားသည်။ ကသာသွားသည်။ ပြီးမှ မြစ်ကြီးနားသို့ခရီးဆက်ခဲ့သည်။ သည်အထိတော့ ကျေနပ်စရာပင်ဖြစ် သည်။ သို့ရာတွင် မြစ်ကြီးနားမှ ရှေ့ခရီးဆက်ဖို့ကျမှ အခက်အခဲတွေ့နေတော့သည်။ ယခုအတိုင်းဆိုလျှင် ကာမိုင်းတစ်ခုသာ သေချာသည်။ သို့သော် ကာမိုင်း ရောက်ရုံနှင့် ကိစ္စပြီးမြောက်မည်မဟုတ်ချေ။ ဖားကန့်၊ ဆဒုံးနှင့် ပူတာအို တစ်ခုခုတော့ ရောက်မှဖြစ်မည်။ ဆဒုံးနှင့် ဖားကန့်မသွားနိုင်လျှင် ပူတာအိုသို့ မရောက်ရောက်အောင် သွားရပေမည်။

ယင်းကြောင့် ကျွန်တော်သည် ကိုသန်းထွန်းဦးကို သူ့သူငယ်ချင်း ရှိရာ ကောလိပ်ကျောင်းသို့ ပို့ထားခဲ့ပြီး ဦးစီးရုံးသို့ တစ်ယောက်တည်း သွားသည်။ ပြန်ကြားရေးအရာရှိ ဦးကရင်ယွန်းနှင့် တွေ့ဆုံပြီး လေယာဉ် အခက်အခဲရှိနေကြောင်း ပြောသည်။ လေယာဉ်ရုံးသို့ သူဖုန်းဆက်သည်။ မလွယ်ပါ။ သို့ဖြင့် ပန်းချီအောင်စည်၊ ဦးကံညွန့်၊ အတွင်းဝန်ကလေး ဦးကိုလုဂမ်တို့နှင့် တိုင်ပင်ရပြန်သည်။ သူတို့က ပြည်နယ်ဥက္ကဋ္ဌ ဦးဒိန်ရတန် နှင့် တွေ့ရန် အကြံပေးသည်။ စီစဉ်ပေးသည်။ သို့ဖြင့် ကျွန်တော်သည် ကချင်ပြည်နယ် ဦးစီးဥက္ကဋ္ဌနှင့် တွေ့ဆုံပြီး ကျွန်တော်ရေးလိုသော စာအုပ် အကြောင်း၊ ကျွန်တော်သွားလိုသော ဒေသနှင့် သိလိုသော အချက်များ၊ တွေ့ကြုံနေရသော အခက်အခဲတို့ကို ဥက္ကဋ္ဌကြီးအား ရှင်းလင်းပြောပြရ သည်။ ကျွန်တော်နှင့်အတူ ပန်းချီအောင်စည် ပါရှိသည်။

ဥက္ကဋ္ဌကြီးသည် ရဝမ်အမျိုးသား ဖြစ်သည်။ အသားဖြူသည်။ မျက်နှာချိုသည်။ စကားပြောသောအခါ တိုးညှင်းပျော့ပျောင်းသည်။ မြန်မာ လို အတော်ပီသသော်လည်း ကချင်သံ အဝဲမပျောက်ချေ။

ဥက္ကဋ္ဌကြီးသည် ကျွန်တော်ပြောသည်များကို သေသေချာချာ နားထောင်သည်။ ပြီးမှ တစ်လုံးချင်း ပြန်ပြောသည်။ ကချင်ပြည်နယ်သို့ စာရေးဆရာများ လာရောက်လေ့လာသဖြင့် ဝမ်းသာကြောင်း၊ ကချင် တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းများနှင့် နယ်ချဲ့ဆန့်ကျင်ရေးအခန်းကဏ္ဍ တို့ကို ဖော်ထုတ်ရေးသားမည်ဆို၍ ကြိုဆိုကြောင်း၊ တတ်နိုင်သမျှ ကူညီ

mgyoe.com

mgyoe.com


အားပေးမည်ဖြစ်ကြောင်း တစ်လုံးချင်း ခပ်ဖြည်းဖြည်း ခပ်တိုးတိုးပြောသည်။ တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းများကို မှန်မှန်ကန်ကန် တိတိကျကျ လေ့လာစေလိုကြောင်း၊ အနောက်တိုင်းသုတေသီတို့၏ ရေးသားချက်များကို တစ်ဖက်သတ် အားကိုးအားထားမပြုသင့်ကြောင်း ပြောသည်။

ကျွန်တော်ကလည်း ရန်ကုန်မှ စာရေးဆရာများသည် ပြည်နယ်သို့ လာရောက်လေ့လာလိုကြကြောင်း၊ သို့ရာတွင် စီးပွားရေးအခြေအနေအရ မလွယ်ကူလှကြောင်း၊ အစိုးရက အားပေးကူညီမှသာ ထိရောက်မည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေနှင့်လည်း တတ်နိုင်သမျှ ကူညီစေလိုကြောင်း တင်ပြသည်။ အနောက်တိုင်းသုတေသီတို့၏ ရေးသားချက်များကို အခြေမပြုလိုကြောင်း၊ သို့သော် လုံးဝလက်လွှတ်၍ မဖြစ်နိုင်ကြောင်း၊ လိုအပ်သည့် အချက်အလက်များကို ထုတ်နုတ်ယူရကြောင်း ပြန်လည်ရှင်းပြရ၏။ ထို့နောက် အချို့သော စာအုပ်စာတမ်းများတွင် ရေးသားတင်ပြထားသည်များအနက် မည်သည့်အချက်များ မှားယွင်းနေကြောင်း၊ မည်သည့်အကြောင်းများ မပြည့်စုံ မတိကျကြောင်းတို့ကို ဆက်လက်ပြောဆိုကြသည်။

ပြီးလျှင် ဥက္ကဋ္ဌကြီးသည် ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများအကြောင်း စိတ်ရှည်လက်ရှည် ပြောပြသည်။ နံရံတွင် ချိတ်ဆွဲထားသော လူနှစ်ရပ်ခန့်ရှိ မြေပုံကြီးတွင် ထောက်ပြရှင်းလင်းသည်။ ၁၉၂၈ ခုနှစ်တွင် တြိဂံနယ်မြေအတွင်း ဖြစ်ပွားသော တိုက်ပွဲများ အကြောင်း အသေးစိတ်ပြောပြသည်။ ဥက္ကဋ္ဌကြီး၏ ပြောပြချက်များသည် ကျွန်တော့်အတွက် များစွာမှ အထောက်အကူ ဖြစ်ပေသည်။

နောက်ဆုံးတွင် ကျွန်တော်က ပူတာအိုကိစ္စ တင်ပြသည်။ စာရေးဆရာတစ်ယောက်အနေနှင့် အခွင့်ထူးရယူလိုခြင်း မရှိသော်လည်း လေယာဉ်လက်မှတ်အတွက် တစ်ရက်နှစ်ရက်မျှ စောင့်နေရလျှင် မထောင်းတာကြောင်း၊ သို့သော် တစ်လကိုးသီတင်း စောင့်ရန်မူ မလွယ်ကူကြောင်း ရှင်းပြရသည်။ ဥက္ကဋ္ဌကြီးသည် အတန်ငယ်မျှ စဉ်းစားပြီးနောက် ပြန်ကြားရေးအရာရှိကို ခေါ်ကာ ကျွန်တော်တို့ပူတာအိုသို့ သွားရောက်ရေးအတွက် ဖြစ်နိုင်သမျှ အကူအညီပေးရန်၊ လေယာဉ်လက်မှတ်အတွက် လေယာဉ်ရုံးသို့ စာရေးသား အကြောင်းကြားရန်၊ ယင်းစာကို လူတစ်ယောက်လွှတ်၍ အပို့ခိုင်းရန် ညွှန်

mgyoe.com

mgyoe.com

ကြားသည်။

ဥက္ကဋ္ဌကြီးအခန်းမှ ကျွန်တော် ထွက်လာသောအခါတွင် နေ့လယ် တစ်နာရီလေးဆယ့်ငါးမိနစ် ရှိနေပြီဖြစ်သည်။

ဦးကရင်ယွန်းသည် လေယာဉ်ရုံးသို့ အကြောင်းကြားစာရေးသားပြီး လူတစ်ယောက်ကို လွှတ်ရန် စီစဉ်နေသည်။ ထိုသူ ပြန်လာသောအခါတွင်မှ လေယာဉ်လက်မှတ် ရ၊ မရ သိရမည်ဖြစ်သည်။ ထိုအချိန်အထိ ကျွန်တော့်မှာ နံနက်စာ မစားရသေးချေ။ သို့ဖြြင့် ဦးကံညွန့်သည် ကျွန်တော့်ကို တရုတ်ဆိုင် တစ်ဆိုင်တွင် ထမင်းလိုက်ကျွေးသည်။ ထမင်းစားပြီးသောအခါတွင် ကျွန်တော် သည် ဦးစီးရုံးသို့ ပြန်မလိုက်သေးဘဲ ပလကရုံးသို့ ဝင်သည်။

ကိုဇော်ဝင်းက ဖားကန့်သွားရေးကိစ္စ မိုးကောင်းသို့ တယ်လီဖုန်း ဆက်၍ စုံစမ်းပေးဦးမည်ဟု မနေ့ညက ပြောသည်။ သို့ဖြင့် မိုးကောင်းမှ ပြန်ကြားသည့်သတင်းကို ဝင်မေးခြင်းဖြစ်သည်။ ပူတာအိုကိစ္စမှာ ကျိန်းသေ သေးသည်မဟုတ်၍ ဖားကန့်သွားရေးကိစ္စကို လက်မလွှတ်ရဲသေးချေ။ သို့သော် ကိုဇော်ဝင်း တပ်မဟာသို့ သွားနေသည်ဆို၍ မတွေ့ရ။ ဦးစီးရုံးသို့ ပြေးရပြန်သည်။ ညနေ လေးနာရီထိုးခါနီးတွင်မှ မနက်ဖြန် လေယာဉ်နှင့် ပူတာအိုလိုက်ဖြစ်ကြောင်း၊ ပစ္စည်းများကို ယနေ့ပင် လေယာဉ်ရုံးသို့ သွားချိန် ထားရမည်ဖြစ်ကြောင်း သိရသည်။

ဤအခါ လေယာဉ်ရုံးသို့သွားရောက်၍ ပစ္စည်းချိန်ရေး၊ လက်မှတ် ယူရေးအတွက် ကားလိုလာပြန်သည်။ ကိုဇော်ဝင်းထံမှ ကားတောင်းရန် ပလကရုံးသို့ပြေးရပြန်သည်။ ကိုဇော်ဝင်း ပြန်မရောက်သေး။ ထိုစဉ်တွင် ကိုသန်းထွန်းဦးနှင့် သူ့သူငယ်ချင်းနှစ်ယောက် ပလကရုံးသို့ မြင်းလှည်းဖြင့် လိုက်လာသည်။ ထိုအခါ ယင်းမြင်းလှည်းဖြင့်ပင် လေယာဉ်ရုံးသို့သွားရန် အကြံရသဖြင့် ပစ္စည်းများယူရန် ကိုဇော်ဝင်းအိမ်သို့ သွားကြသည်။ အိမ်သို့ ရောက်သောအခါ မြင်းလှည်းဆရာသည် လေယာဉ်ရုံးသို့ မပို့နိုင်တော့ဟု ဆိုသည်။

အခြားမြင်းလှည်းလည်း ငှား၍မရသဖြင့် ကျွန်တော်တို့သည် အိမ်မှာ ပင် သောင်တင်နေကြပြန်သည်။ ကိုဇော်ဝင်းအပြန်ကိုပင် စောင့်နေကြရ သည်။ ညနေ ၅ နာရီထိုးသည်ထိ ကိုဇော်ဝင်းပြန်မရောက်လာချေ။ ခက်ပြီ။
mgyoe.com

mgyoe.com

လေယာဉ်ရုံးလည်း ပိတ်လောက်ပြီ။ ကျွန်တော်တို့ကို ၅ နာရီထက် ပိုစောင့်မည် မဟုတ်ချေ။ ယခုအချိန်မှတော့ ဘာမျှမတတ်နိုင်တော့။ ကားရမှပင် ကိစ္စပြီးပေတော့မည်။ လေယာဉ်ရုံး ပိတ်ထားလျှင် ဟိုလိုက်သည်လိုက် လုပ်ရမည်။ ဟိုလူဒီလူ လိုက်ရှာရမည်။ ကားမရှိဘဲနှင့်မူ တစ်နေရာပြီး တစ်နေရာ ဆက်သွားရန် မလွယ်ကူချေ။

ကိုဇော်ဝင်းသည် တပ်မဟာမှနေ၍ သူ့ရုံးသို့ ပြန်လာမည်ကား သေချာသည်။ သူ့ရုံးတွင် လက်ဖက်ရည်ပွဲ ရှိသည်။ သူ့ကို ကြိုဆိုခြင်းလည်း ဖြစ်သည်။ ပြောင်းရွှေ့သွားသော လမ်းအရေးပိုင်ကို နှုတ်ဆက်ခြင်းလည်း ဖြစ်သည်။ သို့သော် ကိုဇော်ဝင်းသည် လက်ဖက်ရည်ပွဲအပြီးတွင် အိမ်သို့ တန်းတန်းမတ်မတ် ပြန်လာပါမည်လား။ အဖော်များနှင့် တခြားသို့ ပါသွားခဲ့လျှင်။

ကျွန်တော်တို့သည် ရုံးသို့ တစ်ခေါက်လိုက်ကြပြန်သည်။ ကျွန်တော်တို့ ရောက်သွားချိန်နှင့် လက်ဖက်ရည်ပွဲပြီးချိန် အံကိုက်ပင်ဖြစ်သည်။

"ကျွန်တော်လည်း အခုပဲ အိမ်ပြန်လာမလို့ပဲ၊ ဒါပေမဲ့ ကနေ့ညတော့ ကျွန်တော် ခင်ဗျားတို့နဲ့ အတူမနေနိုင်ဘူး၊ ထမင်းစား ဖိတ်ထားတာ တစ်ခုရှိလို့ သွားရမယ်"

ကိုဇော်ဝင်းက ဆီးကြို၍ပြောသည်။ ကျွန်တော်က ယခုလည်း ကားလိုချင်ကြောင်း၊ မနက်တွင်လည်း လေယာဉ်ကွင်းသွားရန် ကားလိုကြောင်း ပြောသည်။ ကိုဇော်ဝင်းက သူ့ကို သူ့မိတ်ဆွေအိမ်တွင် ပို့ထားခဲ့ပြီး ကားယူသွားရန် ပြောသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် အိပ်ရာလိပ်များ လက်ဆွဲအိတ်များကို ကားနောက်ပိုင်းတွင်တင်လျက် လေယာဉ်ရုံးသို့ ညခြောက်နာရီကျော်ကျော်တွင် ရောက်ရှိသွားသည်။ လေယာဉ်ရုံး အထက်ထပ်တွင်နေသော မန်နေဂျာ ဦးသိုက်ထွန်းနှင့် တွေ့သည်။ သူက ကျွန်တော်တို့အတွက် နေရာသေချာကြောင်း၊ သို့သော် ယခု စာရေးများ ပြန်သွားပြီဖြစ်၍ နက်ဖြန်မနက် ၆ နာရီလောက်လာပြီး ပစ္စည်းများကို ချိန်စေလိုကြောင်း၊ ရာသီဥတုကောင်းလျှင် နံနက် ၇ နာရီတွင် လေယာဉ်ထွက်မည်ဖြစ်ကြောင်း ပြောသည်။

သည်တော့မှ ကျွန်တော်တို့ စိတ်အေးရသည်။ မနက်ဖြန် ပူတာအိုသို့ သွားဖြစ်တော့မည်။ သို့ရာတွင် ကျွန်တော့်၏စိတ်အေးမှုသည် ကြာရှည်မခံ

mgyoe.com

mgyoe.com

ပါ။ ပူတာအိုသို့ သေချာပေါက်ရောက်တော့မည်ဟု နားလည်မိသည်နှင့် တစ်ဆက်တည်းလိုမှာပင် ပူတာအို၌ နေရေး၊ ထိုင်ရေး၊ သွားရေးလာရေး များကို တွေးမိလိုက်သောကြောင့်ဖြစ်သည်။

ကျွန်တော်ရော ကိုသန်းထွန်းဦးရော ပူတာအိုသို့ မရောက်ဖူးပါ။ ပူတာအို တွင် အသိတစ်ယောက်မျှ မရှိပါ။

ကျွန်တော်၏စိတ်ကူးမှာ ပူတာအိုသို့သွားဖြစ်လျှင် ဦးစီးရုံးမှ မိတ်ဆက်စာများယူသွားရန် စိတ်ကူးထားသည်။ သို့သော် ရုံးဆင်းချိန် လောက်တွင်မှ ပူတာအိုသို့သွားဖြစ်ကြောင်း သေချာပြီး ဦးစီးရုံးနှင့် ပလကရုံး၊ ပလကရုံးနှင့် အိမ်စသည်ဖြင့် အခေါက်ခေါက်အခါခါ ပြေးလွှားနေရသဖြင့် မည်သူ့ဆီက ဘာစာမျှမတောင်းဖြစ်လိုက်ပေ။ ပူတာအိုကျလျှင် မည်သူနှင့် တွေ့ပြီး မည်သူ့ထံ တည်းရချေမည်နည်း။

ညတွင်းချင်းပင် ဦးစီးရုံးမှ မိတ်ဆွေများကို လိုက်ရှာရန် ဆုံးဖြတ်သည်။ သို့သော် မည်သူ့ကိုမျှ အိမ်တွင် မတွေ့ရတော့ချေ။ အပြင်သို့ သွားသည်။ ဘယ်အချိန်ပြန်လာမည်ဟူသော အဖြေများကိုသာရသည်။ ယနေ့ လခ ထုတ်ရက် မဟုတ်ပါလား။ အဘယ်မှာ သူတို့လူစု အိမ်ကပ်ကြမည်နည်း။

အချို့သော မိတ်ဆွေများနှင့်တွေ့၍ မေးကြည့်သောအခါတွင် ဘာမှ မဖြေနိုင်ကြ။ သူတို့အဖို့ ပူတာအိုသည် နိုင်ငံခြားဖြစ်နေသည်။ အချို့က ပူတာအိုတွင် ထမင်းဆိုင်လည်း မရှိ။ တက္ကစီကားလည်း မရှိ။ သွားရေး လာရေး အင်မတန်ခက်ခဲသည်ဟု ပြောသည်။ အချို့ကမူ ခေါက်ဆွဲဆိုင်တစ် ဆိုင် ရှိသည်။ ဂျစ်တက္ကစီတစ်စီးရှိသည်ဟု ပြောသည်။ တစ်ခုမျှမရေရာပါ။

နောက်ဆုံးတွင် ကျွန်တော့်ညီကို တာဝန်ပေးရသည်။ မနက် ၅ နာရီ လောက်တွင် ကိုကံညွန့်အိမ်သွားပြီး မိတ်ဆက်စာ တောင်းခဲ့ပြီး လေယာဉ် ရုံးသို့ ၆ နာရီအရောက် လာခဲ့ရန်။ မှာမည့်သာ မှာရသည် မနက် ၅ နာရီ လောက်တွင် သူ အိပ်ရာမှနိုးပြီး လေယာဉ်ရုံးသို့ ၆ နာရီ အမီရောက်လာလိမ့် မည်ဟု မထင်လှပါ။

ဘာပဲဖြစ်ဖြစ် အခုမှတော့ သွားကိုသွားရတော့မည်။ ဟိုကျမှ ရောက် ရားပင်။

❐

mgyoe.com

mgyoe.com

## တစ်တောင်ဆင်း တစ်တောင်တက်

အဘယ်မျှပင် စိတ်တည်ငြိမ်အောင်ထားစေ အိပ်၍ မပျော်နိုင်ချေသည် ကား အမှန်ပင်။ တဖျပ်ဖျပ်လန့်နိုးသည်။ နာရီကိုကြည့်သောအခါ တစ်နာရီ၊ တစ်နာရီခွဲ၊ နှစ်နာရီဆယ့်ငါးမိနစ် စသည်ဖြင့် အချိန်ကုန်ခဲလှသည်။ ယင်းသို့ ခဏခဏ နိုးနေသည်နှင့်အမျှ ကျွန်တော့်မှာ ပို၍ အိပ်မရဖြစ်လာရသည်။ ညကပိုင်းဖွဲ့၍ စကားပြောနေခဲ့ကြသဖြင့် ဆယ့်နှစ်နာရီ အိပ်ရာဝင်ခဲ့ကြသည်။ အိပ်ရာဝင် နောက်ကျရသည့်အထဲတွင် ကောင်းကောင်းအိပ်မပျော်သဖြင့် မနက်စောစောထဖို့အတွက် ပို၍ ပူပန်နေရသည်။ ည ဆယ့်နှစ်နာရီလောက်ကသာ တစ်ချိုးတည်း အိပ်ပျော်သွားခဲ့လျှင် မနက်ငါးနာရီလောက်တွင် ကျွန်တော်နိုးမည်မှာ သေချာသည်။ ယင်းသို့ဆိုလျှင် လေယာဉ်ပျံကွင်းသွားဖို့ အချိန်အတော်ပဲဖြစ်သည်။ သို့သော် ယခုလို နှစ်ချက်သုံးချက်လောက်တွင်မှ အိပ်မောကျသွားလျှင်ကား လေယာဉ်မီဖို့ ခဲယဉ်းသည်။

နံနက်ပိုင်းသို့ ကူးလာသည်နှင့်အမျှ ညသည် ပို၍ပို၍ အေးလာသည်။ ယင်းကြောင့် စောင်ထူထူနှင့် ကွေး၍ကောင်းသည်ထက် ကောင်းလာသည်။ ကိုသန်းထွန်းဦးဆိုလျှင် သက္ကလတ်စောင်ကြီးကို ခေါင်းမြီးခြုံ၍ သစ်တုံးလို ငြိမ်နေသည်။ တစ်ဖက်ခန်းတွင် အိပ်နေသော ကိုဇော်ဝင်းထံမှလည်း ဘာသံမျှ မကြားရ။ မနက်စောစောသွားဖို့အတွက် သူတို့ကို အားကိုး၍မဖြစ်နိုင်ပါ။

ကျွန်တော် မအိပ်တော့။ စာဖတ်သည်။ တစ်မြို့လုံး တိတ်နေသည်။

mgyoe.com

mgyoe.com


အတန်ကြာသောအခါ ညောင်းလာသဖြင့် လမ်းလျှောက်မည် စိတ်ကူးပြီး တံခါးဖွင့်ကြည့်သည်။ ဓာတ်လိုက်ခံရသည့်ပမာ တစ်ကိုယ်လုံးတောင့်သွားသည်။ ကိုယ်တွင်းရှိ သွေးများအားလုံး ခဲသွားသလား အောက်မေ့ရသည်။ ချက်ချင်း တံခါးပြန်ပိတ်လိုက်သည်။ သို့သော် ကျွန်တော် မကျေနပ်။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်။ မြစ်ကြီးနားအအေးဒဏ်ကို ကျွန်တော်မခံနိုင်တော့ပြီလား။ ကျွန်တော် မြစ်ကြီးနားသား မဟုတ်တော့ပြီလား။ တစ်ခုတော့ ရှိသည်။ ကျွန်တော်မြစ်ကြီးနားမှ ထွက်ခဲ့သည်မှာ အနှစ် နှစ်ဆယ်ကျော်ပေပြီ။ အင်မတန် ခြောက်သွေ့ပူလောင်သော မန္တလေးတွင် ခုနစ်နှစ်မျှ နေခဲ့သည်။ ရန်ကုန်တွင် နေခဲ့သည်မှာ ဆယ့်သုံးနှစ် လွန်လာပြီ။ ယခုအခါ ကျွန်တော်သည် မြစ်ကြီးနားနွေ၏ အအေးဒဏ်ကိုပင် မခံနိုင်တော့။ ဆောင်းဆိုလျှင် ပြောဖွယ်ရာ မရှိ။ ကျွန်တော်ငယ်စဉ်က နွေ၊ မိုး၊ ဆောင်းကို မည်သို့ ဖြတ်သန်းခဲ့သနည်း။ ကျွန်တော် သိသလောက်တော့ ပူသည်၊ အေးသည်မရှိလှ။ နွေလည်းဆော့၊ မိုးလည်းဆော့၊ ဆောင်းလည်းဆော့။

နံနက်လေးနာရီလောက်တွင် ကိုသန်းထွန်းဦး နိုးလာသည်။ အခန်းထဲတွင် ကျွန်တော် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမှုကြောင့် ဖြစ်တန်သည်။ သူလည်း ပြန်မအိပ်တော့။ ကျွန်တော်တို့ ပစ္စည်းများကို အသင့်ထုပ်ပိုးထားသည်။ ထို့နောက် ဆေးလိပ်ကို မပြတ်ရှိုက်ဖွာရင်း ထိုင်လိုက်ထလိုက်၊ လမ်းလျှောက်လိုက်ရှိနေကြသည်။ သည်လိုနှင့်ပင် ခြောက်နာရီထိုးရတော့သည်။

အေးသည်၊ ချမ်းသည်၊ အားနာသည်ဟု သဘောမထားနိုင်တော့။ ကိုဇော်ဝင်းကို နှိုးရသည်။ ကိုဇော်ဝင်းက တစ်ဖန် ကားမောင်းသူကို နှိုးသည်။ ထို့နောက် ကျွန်တော်တို့ အိမ်ထဲမှထွက်ခဲ့ကြသည်။

လေယာဉ်ရုံးသို့ရောက်သောအခါ ကျွန်တော်တို့ မစောကြောင်း သိရသည်။ ရုံးရှေ့တွင် ခရီးသည်များ တရုန်းရုန်း ရှိနေကြသည်။ အနက်တွင် အနီထောင်လိုက်စင်း ထဘီ၊ အဖြူလက်ရှည် အင်္ကျီ၊ မို့မောက်သော ဝမ်းဗိုက်ပေါ်တွင် အမြိတ်ဖွားဖွားရှိသော ခါးစည်းနီ၊ အဖြူတစ်ကန့် အနီတစ်ကန့် ခေါင်းပတ်တို့ဖြင့် တန်ဆာဆင်ထားသော ခမ်းမတီးအမျိုးသမီးများသည် ထင်ရှားပေါ်လွင်လှသည်။ လီဆူးနှင့် ရဝမ် အမျိုးသမီးများကိုလည်း မြင်ရ

mgyoe.com

mgyoe.com

သည်။ အမျိုးသားများမှာမူ ဂျိန်ဖော့၊ လီဆူး၊ ရဝမ်နှင့် ခမ်းမတီးများ ဖြစ်ကြသော်လည်း ဗမာဝတ်စုံများနှင့် ဖြစ်ကြသည်။ သို့သော် သူတို့၏ ပုံပန်းသဏ္ဌာန်နှင့် လေသံများမှာမူကား ဗမာနှင့် ခြားနားလှသည်။ မည်သည့်တိုင်းရင်းသားလူမျိုးဟု ရုတ်တရက် မခွဲခြားနိုင်စေကာမူ ဗမာမဟုတ်ဟုကား ပြောနိုင်သည်။ စုရုံးနေကြသူများထဲတွင် ဗမာဟူ၍ တစ်ဦးမျှမပါရှိသည်ကို ချက်ချင်းပင် ကျွန်တော် အကဲခတ်မိသည်။

စုရုံးနေသူများကို ယင်းသို့ ကျွန်တော် အစေ့အစပ်ကြည့်နေမိသည်မှာ အကြောင်း ရှိပေသည်။ ထိုကား အခြားမဟုတ်။ ကိုကံညွန့်ထံမှ မိတ်ဆက်စာ တောင်းလာမည့် ကျွန်တော့်ညီကို ရှာဖွေခြင်းဖြစ်သည်။ ကိုကံညွန့်သည် ပြန်ကြားရေးဌာနမှဖြစ်သည်။ ယင်းကြောင့် သူက ပူတာအိုရှိ ပြန်ကြားရေးဌာနသို့ မိတ်ဆက်စာ ရေးပေးနိုင်သည်။ ပြန်ကြားရေးဌာနမှ ပုဂ္ဂိုလ်တစ်ဦးကိုသိရလျှင် အခြား ကျွန်တော်သိလိုသူများအားလုံးကို တစ်ဆင့်သိနိုင်သည်။ သို့သော် ကျွန်တော့်ညီ၏ အရိပ်အယောင်ကိုမျှ မတွေ့ရပါချေ။

"ဒီကောင် အိပ်ရာက နိုးမှာမဟုတ်ပါဘူး"

သို့ဖြင့် ကျွန်တော်တို့သည် မနေ့ညက အခြေအနေအတိုင်းပင် ရှိနေသည်။ အဆက်အသွယ် ခက်ခဲသော၊ အသိအကျွမ်းမရှိသော၊ အခြေအနေ စိမ်းသော အစွန်အဖျားဒေသသို့ အစီအစဉ်မရှိဘဲ ယောင်လည်လည်နှင့် ရောက်ရှိကြရပေတော့မည်။ ကိုသန်းထွန်းဦး အားငယ်နေပုံရသည်။ ပူတာအိုတွင် မဆိုထားဘိ၊ ယခုလေယာဉ်ရုံးမှာပင် သူ အနေကျုံ့နေသည်။ သူ့အားတွင် ရှိသူများသည် ဘာလူမျိုးတွေမှန်းမသိ။ သူတို့ပြောကြသည်က ဘာစကားတွေမှန်းမသိ။ သူတို့ဝတ်ထားကြသည်က ဘယ်လိုကြိုးတွေမှန်းမသိ။

သို့သော် ကိုသန်းထွန်းဦး၏ အားငယ်မှုကို မသိဟန်ပြုကာ လေယာဉ်လက်မှတ်ယူသည်။ အစစအရာရာ အဆင်ပြေအောင် မန်နေဂျာ ဦးသိုက်ထွန်းကိုယ်တိုင် စီစဉ်ပေးသည်။ ကားမောင်းသူကိုပါက ပစ္စည်းများကို ကူညီချိန်တွယ်သည်။ သည်အတွက် အနည်းငယ်စိတ်ချမ်းသာရသည်။ မြစ်ကြီးနားနှင့် ပူတာအိုလေယာဉ်ခ လေးဆယ်ကျသည်။ အသွားအပြန် လက်မှတ်ယူသောအခါ ခုနစ်ဆယ့်ရှစ်ကျပ်သို့ လျော့သွားသည်။

ပစ္စည်းများကို လေယာဉ်ရုံးကားဖြင့်ပင် သယ်ယူသွားရန်စီစဉ်မှာ ကြား
mgyoe.com

mgyoe.com

ပြီးနောက် ကျွန်တော်တို့ ရုံးထဲမှ ထွက်ခဲ့ကြသည်။ ခြောက်နာရီခွဲပြီဖြစ်သည်။ လေယာဉ်ကွင်းသို့ ခုနစ်နာရီအရောက်လာရန် ဦးသိုက်ထွန်းကမှာ ကြားသည်။ လေယာဉ်ကွင်းသို့ အလွန်ဆုံးမောင်းရလျှင် ဆယ့်ငါးမိနစ်သာ ကြာမည်ဖြစ်သဖြင့် ကျွန်တော်တို့တွင် ဆယ့်ငါးမိနစ်လောက်တော့ အချိန်ပိုသေးသည်။ ကျွန်တော်က ဤဆယ့်ငါးမိနစ်အတွင်း ကျွန်တော့်ညီအိမ်နှင့် ကိုကံညွန့် အိမ်များသို့လည်း သွားလိုက်ချင်သေးသည်။ အဆာခံရန် တစ်ခုခုလည်း စားလိုက်ချင်သေးသည်။ ပူတာအိုရောက်လျှင် ဘယ်သွားပြီး စားရမှန်းမသိ။

လေယာဉ်ရုံးကားပေါ်တွင် ပစ္စည်းများ၊ လူများ ပြည့်သိပ်ပြွတ်ညပ်လျက် ရှိသည်။ မကြာမီ လေယာဉ်ရုံးကားထွက်တော့မည်ဖြစ်သည်။ ကျွန်တော်တို့သည် လေယာဉ်ကွင်းသို့ ထိုကားထက် နောက်ကျပြီး မရောက်သင့်ပေ။ ကျွန်တော်က ရှေ့ခန်းတွင် ထိုင်မိနေပြီဖြစ်သော်လည်း ကျွန်တော့်ညီထံ သွားရမည်လား၊ သို့မဟုတ် စားသောက်ဆိုင်တစ်ခုသို့ သွားရမည်လား စိတ်မပြတ်ဘဲ ရှိနေသည်။ ကားမောင်းသူသည် ကျွန်တော့်ထံမှ အဆုံးအဖြတ်ကို စောင့်နေသည်။ ထိုစဉ်တွင် ကျွန်တော့်အနီးသို့ ကားတစ်စီးဆိုက်လာသည်။ ကားပေါ်မှ ပြန်ကြားရေးအရာရှိ ဦးကရင်ယွန်း ဆင်းလာသည်။ သူ့ကို မမျှော်လင့်ဘဲတွေ့လိုက်ရသောအခါ ကျွန်တော် ဝမ်းသာသွားသည်။ သူသည် ကျွန်တော်တို့နှင့် ပူတာအိုကို မိတ်ဆက်ပေးနိုင်စွမ်းရှိသည်။

သို့သော် ဦးကရင်ယွန်း၏စကားကိုကြားရသောအခါ ရင်ထိတ်ရသည်။ ကိုသန်းထွန်းဦးနှင့် ကားမောင်းသူ ကိုပါတို့နှစ်ယောက် ပါးစပ်ပွင့်သွားကြသည်။

"ကိုနတ်နွယ်ကို တပ်မဟာက အရေးတကြီးတွေ့ချင်လို့တဲ့"

"ဘာကိစ္စလဲ"

"မသိဘူး ... မနေ့ညနေက ကိုနတ်နွယ်ပြန်သွားတော့ တယ်လီဖုန်းနှစ်ခါတောင်ဆက်တယ်၊ ကျွန်တော် ကိုနတ်နွယ်ကို ချက်ချင်းလိုက်ရှာတာ ဘယ်မှာမှမတွေ့ဘူး၊ လာ အခုသွားကြစို့"

"ဘယ်ကိုလဲ"

"တပ်မဟာကို"

ကျွန်တော် နာရီကို ကြည့်လိုက်သည်။ ခြောက်နာရီခွဲပြီး၍ငါးမိနစ်။

mgyoe.com

mgyoe.com


"လေယာဉ်ပျံမမီဘဲနေလိမ့်မယ်"

ကျွန်တော်က ခပ်ညည်းညည်း ပြောလိုက်သည်။

"တပ်မဟာက လေယာဉ်ကွင်းသွားတဲ့လမ်းမှာပဲ၊ ဝင်သွားလိုက်ကြတာပေါ့"

ဦးကရင်ယွန်းက တပ်မဟာသွားရေးကိစ္စကို အလေးအနက်ပြောသည်။ သူ့မျက်နှာတွင် စိုးရိမ်ကြောင့်ကြသည့်အသွင်များ ရှိနေသည်။ ဤကိစ္စအတွက်ပင် သူ ဤမျှအပင်ပန်းခံ၍ နံနက်အစောကြီးထလာခဲ့သည် မဟုတ်ပါလား။

"ကျွန်တော်တို့တော့ ဘယ်မှမရောက်တော့ဘူးထင်တယ်"

ကိုသန်းထွန်းဦးက အတည်လိုအနောက်လို ပြောသည်။ ကျွန်တော်က ဘာမျှပြန်မပြောဘဲ အခြေအနေကို လေ့လာစဉ်းစားသည်။ တပ်မဟာက အဘယ့်ကြောင့် ကျွန်တော့်ကို တွေ့ချင်သနည်း။ အကောင်းလော၊ အဆိုးလော။ ကျွန်တော်၏ခရီးစဉ်နှင့်သော်လည်းကောင်း၊ ကျွန်တော်နှင့်ပတ်သက်၍ သော်လည်းကောင်း စုံစမ်းစစ်ဆေးဖွယ်ရာရှိလျှင် ယခုလို ဦးကရင်ယွန်းမှတစ်ဆင့် မှာကြားနေစရာမလို။ ယမန်နေ့ညကတည်းကပင် သူတို့ကိုယ်တိုင် ကျွန်တော့်ကို မတွေ့တွေ့အောင် ရှာဖွေကြမည်ဖြစ်သည်။

ထို့နောက် ကျွန်တော် တစ်ခုစဉ်းစားမိသည်။ ကျွန်တော် ယခုသွားမည့်နေရာမှာ လေယာဉ်ပျံကွင်းဖြစ်သည်။ ထိုမှတစ်ဆင့် ပူတာအိုသို့ဖြစ်သည်။ အကယ်၍ တပ်မဟာက ကျွန်တော့်အား အရေးတကြီးတွေ့လိုလျှင် လေယာဉ်ပျံကွင်းတွင် လာ၍တွေ့နိုင်သည်။ အကြောင်းကြားနိုင်သည်။ ထိုမျှသာမက လေယာဉ်ထွက်သွားပြီဆိုလျှင်လည်း ပူတာအိုသို့ ကြို၍ သတင်းပို့ထားနိုင်သည်။ ထို့ကြောင့် ကျွန်တော်က ဦးကရင်ယွန်းကို ပြောသည်။

"ဒီလိုလုပ်ပါလား၊ အခု ကျွန်တော်တို့ လေယာဉ်ကွင်းကိုပဲ သွားမယ်၊ ဦးကရင်ယွန်းက ကျွန်တော်တို့ လေယာဉ်ကွင်းမှာရှိနေမယ့်အကြောင်း တပ်မဟာကို ဖုန်းဆက်ပေါ့၊ အဲဒီကမှ လိုအပ်ရင် လေယာဉ်ကွင်းကို အဆက်အသွယ် လုပ်နိုင်တာပဲ"

ဦးကရင်ယွန်း အတန်ကြာ စဉ်းစားနေသည်။ ပြီးမှ ကျွန်တော့် အကြံအစည်ကို သဘောတူလိုက်သည်။ ပူတာအိုခရိုင် ပြန်ကြားရေးဌာနမှ

mgyoe.com

mgyoe.com

အထက်တန်းစာပေစိစစ်မှူး ဦးဟန်မြင့်သို့ပေးရန် စာတစ်စောင်ရေးပေးသည်။ ထို့နောက် ယခုပင် တပ်မဟာသို့ ဖုန်းဆက်ကာ အကြောင်းကြားလိုက်မည်ဆိုပြီး လေယာဉ်ရုံးအတွင်းသို့ ဝင်သွားသည်။ ထိုစဉ်မှာပင် ကျွန်တော်က ကိုပါကို သွားကြရန်ပြောလိုက်သည်။ လေယာဉ်ကွင်းသို့ တောက်လျှောက်သွားရန်ပင်ဖြစ်သည်။ တစ်ခုခုစားနေရန်လည်း အချိန်မရှိတော့။ ကျွန်တော့်ညီအိမ် ဝင်ရန်လည်း မလိုတော့။ ဦးကရင်ယွန်းထံမှ စာတစ်စောင် ရရှိလိုက်ပြီဖြစ်သည်။

ကျွန်တော်တို့သည် ကချင်ပြည်နယ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌကြီးထံ ဆွေးနွေးတင်ပြပြီး တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို လေ့လာဆည်းပူးရန် ခရီးထွက်လာကြသူများဖြစ်၍ သက်ဆိုင်ရာများနှင့် ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်သောအကူအညီများပေးပါရန် သူ့စာတွင် ရေးထားသည်။ ယင်းအတွက် ပူတာအိုရောက်လျှင် အသွားအလာ အနေအထိုင် ခက်ခဲမည်ကို ပူပင်ရန်မလိုတော့။ တစ်ခုပဲရှိသည်။ တပ်မဟာကိစ္စ မပြီးပြတ်သေးသဖြင့် ပူတာအိုသို့ ရောက်မှ ရောက်ပါဦးမည်လားဟုတော့ စိတ်တထင့်ထင့် ရှိနေရသည်။

ဤကြားထဲတွင် ပြဿနာတစ်ခု တက်လာပြန်တော့သည်။ ပူတာအိုရောက် မရောက်ဆိုသည်ထက် လေယာဉ်ကွင်းသို့ အချိန်မီ ရောက်မရောက်ဟူသော ပြဿနာပင်ဖြစ်သည်။ ယင်းကား အခြားမဟုတ်။ လမ်းခုလတ်တွင် ဓာတ်ဆီပြတ်သွားခြင်းဖြစ်သည်။ တရိပ်ရိပ်ပြေးနေသော ကားကလေးသည် ပဓောက်ကွေ့တစ်ခုတွင် ရုတ်တရက် ထိုးရပ်သွားသည်။ ခက်ချေပြီ။ ယခုမှ ကောင်းကောင်းကြီး ခက်ချေပြီ။ အားလုံး အကြံရအိုက်သွားသည်။ မြို့ထဲပြန်၍ ဓာတ်ဆီယူရန်လည်း အချိန်မလုံလောက်။ လေယာဉ်ကွင်းသို့ အခြားနည်းဖြင့် ဆက်သွားရန်လည်း တော်တော်မလွယ်။ ဘတ်စ်ကားများသည် တစ်နာရီမှတစ်စီး။ လာပြန်လျှင်လည်း လူအပြည့်၊ ကုန်အပြည့်။ ပြီးတော့ လေယာဉ်ကွင်းထဲလည်း ရောက်သည်မဟုတ်။ လမ်းထိပ်တွင်ချထားခဲ့သည်။ အဝေးကြီးလျှောက်ရဦးမည်။ အငှားကားလည်း မလွယ်။ ကိုယ်ပိုင်ကားများကိုသာ အကူအညီတောင်းရပေမည်။

လမ်းကို လှမ်းမျှော်ကြည့်ကြရသည်။ မြို့ထဲဘက်မှ ကားကြီးတစ်စီး

mgyoe.com

mgyoe.com

လူအပြည့် ကုန်အပြည့်ဖြင့် လာနေသည်။ အတော်ကလေးနီးလာသောအခါ လေယာဉ်ရုံးကားဖြစ်နေသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွားသည်။ ကျွန်တော်တို့လက်ပြ၍ တားကြသည်။ ရှေ့ခန်းမှ လိုက်ပါလာသော ဦးသိုက်ထွန်းက ကျွန်တော်တို့ကို မှတ်မိသဖြင့် ကားရပ်ပေးသည်။ နေရာမရှိတော့သဖြင့် ကျွန်တော်တို့နှစ်ယောက် ကားနောက်ဘက်ခြေနင်းခုံတွင် တွယ်ကပ်၍ လိုက်သွားကြရသည်။

မည်သို့ဆိုစေ ကျွန်တော်တို့သည် လေယာဉ်ကွင်းကိုတော့ ရောက်ခဲ့ရပေပြီ။ လေယာဉ်ကြီးများ ဆိုက်ထားသည်ကို မြင်နေရပေပြီ။ လေယာဉ်မှူးတစ်ဦးက လေယာဉ်များကို နေရာရွှေ့နေသည်။ စက်သံ ဆူညံစွာ ကြားရသည်။ ပန်ကာလေရိုက်ခြင်း ခံရသည်။ ထိုအခါ နံနက်ခင်းသည် ပို၍အေးမြလာသည်။ သို့သော် ယင်းအခိုက်တွင် အရှေ့အရပ်မှ နေရောင်ခြည်ယိုဖိတ်ကျလာသည်။

ကျွန်တော်တို့သည် ဆာလှပြီဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်သို့ ဦးဆုံးရောက်ရှိသွားကြသည်။ ကော်ဖီနှင့်မုန့်များမှာစားရင်း လေယာဉ်ကွင်းသို့ကြည့်ရှုနေမိသည်။ မြစ်ကြီးနားမြို့တွင် လေယာဉ်ကွင်းတွေ ပေါများလှသည်။ စစ်မဖြစ်မီက လေယာဉ်ကွင်းတစ်ကွင်းသာ ရှိသည်။ ယခု ကျွန်တော်တို့ရောက်နေသော ကွင်းပင်ဖြစ်သည်။ နန်းပေါင်ကွင်းဟု ယနေ့သိရှိနေကြသည်။ ကျွန်တော်တို့ ငယ်စဉ်ကမူ လေယာဉ်ပျံသံကြားလျှင် ဤကွင်းသို့အရောက်ပြေးခဲ့ကြသည်။ ထိုစဉ်က လေယာဉ်ပျံသည် အထူးအဆန်းဖြစ်ချေသည်။ ဘုရင်ခံသည် ဤလေယာဉ်ကွင်းမှတစ်ဆင့် အိန္ဒိယသို့ ထွက်ပြေးသွားသည်။ အခြားစစ်ပြေးများလည်း ဤကွင်းတွင် စုပြုံတိုးဝှေ့ခဲ့ကြသည်။ နောက်ဆုံးတွင် ဂျပန်လေယာဉ်များက ဗုံးကြဲသဖြင့် လေယာဉ်ပျံများနှင့်တကွ ကွင်းပါပျက်စီးခဲ့ရသည်။ ထို့နောက် ဂျပန်များက ဤကွင်းကိုလည်းပြန်ပြင်သည်။ နောက်ထပ် ကွင်းသစ်တစ်ခုလည်း ပြုလုပ်သည်။ မြစ်ကြီးနားကို မဟာမိတ်တပ်များက ပြန်လည်သိမ်းပိုက်ရန် ကြိုးစားသောအခါတွင်ကားလေယာဉ်ကွင်းတွေ မှိုလိုပေါက်တော့သည်။ မြို့တွင်းရှိ ဂျပန်အနည်းငယ်ကိုမြို့ပတ်လည်ရှိ လေယာဉ်ကွင်းပေါင်းများစွာမှ လေယာဉ်ပေါင်းများစွာနှင့်အကြိမ်ပေါင်းများစွာ တိုက်ခိုက်ယူရသည်။
mgyoe.com

mgyoe.com

ယခုအခါတွင် လေယာဉ်ကွင်းနှစ်ကွင်းကို ဆက်လက်အသုံးပြုနေသည်။ တစ်ခုက စစ်လေယာဉ်ကွင်း။ အခြားတစ်ခုက အရပ်လေယာဉ်ကွင်း။ စီတာပူ လေယာဉ်ကွင်းမှာမူ ကောလိပ်ကျောင်းသူများ လမ်းလျှောက်ရာ မဟာလမ်းမတော်ကြီး ဖြစ်ရချေပြီတည်း။

ခုနစ်နာရီ ထိုးချေပြီ။ လေယာဉ် မထွက်သေး။ မည်သည့်လေယာဉ် ထွက်မည်ဟုပင် မခန့်မှန်းနိုင်သေး။ လေယာဉ်လေးစင်းသည် ကွင်းအနောက်ဘက်တွင် ညီညာစွာ ရပ်နေကြသည်။ လေယာဉ်ရုံးထဲတွင် တစ်စင်းသာ ကျန်တော့သည်။ လေယာဉ်မှူးသည် ယင်းလေယာဉ်ကို စက်နှိုးလျက် ရှိသည်။ ဤလေယာဉ်ပင် ထွက်မည်လော။ ကျွန်တော်တို့သည် ဗိုက်တင်းသွားပြီဖြစ်သဖြင့် လေယာဉ်ရုံးအရှေ့ဘက်ရှိ နေပူစာသို့ ထွက်ခဲ့ကြသည်။ ထိုတွင် ကျွန်တော်တို့ပစ္စည်းများ ပုံထားသည်။ ခရီးသည်များ စုရုံးနေသည်။

ခဏအကြာတွင် ကျွန်တော်တို့ရပ်နေရာသို့ လူတစ်ယောက် လျှောက်လာနေသည်။ သူသည် သားရေဂျာကင်အစိမ်းကြီးကို ဝတ်ထားသည်။ ရုတ်တရက်သော် ရုပ်ရှင်မင်းသားတစ်ဦးလားဟု အောက်မေ့ရသည်။ နောက်မှ ကျွန်တော့်သူငယ်ချင်း ဒေါက်တာတင်အေးဖြစ်မှန်း သိရသည်။

"ငါက မင်းနဲ့ မတွေ့တော့ဘူး အောက်မေ့နေတာ၊ ငါတို့လည်း ကနေ့ ရန်ကုန်ပြန်မှာပဲ၊ ခုနကမှ မင်းတို့ လေယာဉ်ကွင်းမှာရှိတယ်လို့ တပ်မဟာကို ပြန်ကြားရေးက အကြောင်းကြားလို့ ကမန်းကတန်း ငါလာခဲ့ရတာ"

လက်စသတ်တော့ တပ်မဟာတရားခံသည် ဒင်းပေကိုး။

ယခုမှ ကျွန်တော် ပြန်စဉ်းစားမိသည်။ ကွင်းဆက်များကို ပြန်လည် စပ်ဟပ်မိသည်။ အမှန်ကတော့ တရားခံအစစ်သည် သူမဟုတ်ဘဲ ကျွန်တော်သာလျှင် ဖြစ်ပေသည်။

ဒေါက်တာတင်အေးနှင့် ကျွန်တော်သည် မန္တလေးမြို့ ဗုဒ္ဓသာသနနုဂ္ဂဟ အထက်တန်းကျောင်းတွင် အတူနေခဲ့ကြသူများဖြစ်သည်။ အထူးခင်မင်ခဲ့ကြသူများဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ကျွန်တော်က ရန်ကုန်သို့ ထွက်လာခဲ့သည်။ စာပေလောကတွင် ရုန်းကန်နေခဲ့သည်။ သူက မန္တလေး တက္ကသိုလ်မှ စိုက်ပျိုးရေးဝိဇ္ဇာသိပ္ပံဘွဲ့ ရရှိပြီး အမေရိကားသို့ ပညာသင်သွားခဲ့သည်။ ထိုမှ မဟာသိပ္ပံဘွဲ့နှင့် ဘူမိဗေဒပါရဂူဘွဲ့ ရရှိလာပြီး မန္တလေး

mgyoe.com

mgyoe.com

တက္ကသိုလ်တွင် ဘူမိဗေဒပါမောက္ခဖြစ်သည်။ ထိုစဉ်က သူနှင့် ကျွန်တော် တစ်ခါတွေ့သည်။ ထို့နောက် မတွေ့ဘဲ ဖြစ်ကြပြန်သည်။ သို့သော် သူ့အကြောင်းများကို ကြားနေရသည်။ သတင်းစာထဲတွင် ဖတ်ရသည်။ သူသည် တက္ကသိုလ်ပါမောက္ခအဖြစ်မှ ပြည်သူ့ရေနံနှင့် ဓာတ်သတ္တု တိုးချဲ့လုပ်ဆောင်ရေး ကော်ပိုရေးရှင်းတွင် ဒု–ညွှန်ကြားရေးဝန်ချုပ်အဖြစ် ပြောင်းလဲအမှုထမ်းသည်။ ညွှန်ကြားရေးဝန်ချုပ်မှာ ဗိုလ်မှူးကြီးလှအောင် ဖြစ်သည်။ သူ ရန်ကုန်သို့ရောက်ရှိလာသဖြင့် သူနှင့် ကျွန်တော် မကြာမကြာ တွေ့ဖြစ်တော့မည်ဟု ထင်ခဲ့သည်။ သို့သော် မတွေ့ပါ။ သူ့ကိစ္စနှင့် ကိုယ့်ကိစ္စနှင့် ဖြစ်ကြ၍ သူလည်း ကျွန်တော့်ထံ ရောက်မလာ။ ကျွန်တော်လည်း သူ့ဆီ မရောက်။ သူ့ထံသို့ ကျွန်တော် တစ်ခါနှစ်ခါ ဖုန်းဆက်သည်။ မတွေ့။ သူသည် ရန်ကုန်တွင် နေရသည်မရှိ။ နယ်သို့ ထွက်ရသည်ချည်းသာဖြစ်သည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝသော သယံဇာတပစ္စည်းများကို အပူတပြင်း ရှာဖွေထုတ်ဖော်နေကြသည် မဟုတ်ပါလား။

ယခု ခရီးထွက်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်စဉ်ကမူ သူနှင့် တွေ့ဖြစ်အောင် တွေ့ရန် အစီအစဉ်တစ်ခုအဖြစ် ပါရှိခဲ့သည်။ သူ့ထံမှ ကျွန်တော် သိလိုသောအချက်များ ရှိသည်။ သူသည် ကျွန်တော်သွားမည့် တောများ၊ တောင်များ၊ မြစ်ချောင်းများ၏အောက်တွင် ဘာတွေရှိကြောင်းကို ပြောနိုင်သူဖြစ်သည်။ ထို့ပြင် နယ်များတွင်ရှိသော ဓာတ်သတ္တုရှာဖွေရေး အဖွဲ့ဝင်များနှင့်လည်း မိတ်ဆက်ပေးနိုင်သည်။ ဤတစ်ကြိမ်တွင်တော့ သူနှင့် ကျွန်တော် ဆက်ဆက်ကြီး တွေ့မည်ဟုလည်း ယူဆထားသည်။ အကြောင်းမှာ ကျွန်တော်သည် တက္ကသိုလ်တွင် ကျင်းပသော သုတေသနဆွေးနွေးပွဲကို တက်ရောက်နားထောင်ပြီးမှ ခရီးထွက်မည်ဖြစ်သည်။ ယင်းသုတေသနဆွေးနွေးပွဲတွင် သူ စာတမ်းတစ်စောင် တင်မည်ဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲတစ်ခုတွင် သူ သဘာပတိပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းကြောင့် ဆက်လက်ပြီး တွေ့ကြမည်ဟု တွက်ဆထားခြင်းဖြစ်သည်။

သို့သော်လက်တွေ့တွင် မတွေ့ကြပါ။ သူသည်ဆွေးနွေးပွဲသို့ မတက်ဖြစ်တော့ပါ။ ဆွေးနွေးပွဲမပြုလုပ်မီမှာပင် သူခရီးထွက်သွားကြောင်း သတင်းစာများတွင် ဖတ်ရသည်။ ဗိုလ်မှူးကြီးလှအောင်နှင့်အဖွဲ့သည် ကချင်ပြည်
mgyoe.com

mgyoe.com
နယ်သို့ ထွက်ခွာသွားကြသည်။ ကျောက်စိမ်းတွင်းကိစ္စ၊ ဆင်ဖမ်းကိစ္စများ ပါဝင်သည်။

သို့ဖြင့်ကျွန်တော်သည် သူနှင့်ရန်ကုန်မှာ မတွေ့ရသော်လည်း ကချင်ပြည်နယ်ကျလျှင်တော့ တွေ့ကောင်းတွေ့နိုင်မည်ဟု စုံစမ်းခဲ့သည်။ ကျွန်တော်သည် မန္တလေးသို့ရောက်ကတည်းက သူ့သတင်း စနည်းနာခဲ့သည်။ သူ ပြန်မလာသေး။ ခန္တီး ကျောက်စိမ်းတွင်းသို့ ရောက်နေသည်ဟု သိရသည်။ ထိုမျှသာမက လူထုဦးလှသည် ခန္တီးသို့သွားကြောင်း သတင်းကြားရသည်။

ယင်းကြောင့် မြစ်ကြီးနားသို့ ရောက်ရောက်ချင်းပင် ဦးလှနှင့် ဒေါက်တာတင်အေးအကြောင်း ကျွန်တော် စုံစမ်းသည်။ ဦးလှ ပြန်သွားပြီဖြစ်ကြောင်း၊ မပြန်ခင် သူနှင့် လာတွေ့သေးကြောင်း၊ ဗိုလ်မှူးကြီးလှအောင်တို့အဖွဲ့မှာမူ မရမ်းသို့ ဆင်ဖမ်းထွက်သွားကြောင်း၊ မြစ်ကြီးနားသို့ ပြန်လာဦးမည်ဖြစ်ကြောင်းတို့ဖြင့် ပြည်နယ်ဥက္ကဋ္ဌက ပြောပါသည်။ ထိုအခါ ကျွန်တော်က ဗိုလ်မှူးကြီးလှအောင်တို့အဖွဲ့ ပြန်ရောက်လာလျှင် ထိုအဖွဲ့တွင်ပါဝင်သော ဒေါက်တာတင်အေးကို တွေ့လိုကြောင်း အဆက်အသွယ် ပြုလုပ်ပေးစေလိုကြောင်းဖြင့် ကိုကံညွန့်ကို အပ္ပကပ်ခဲ့သည်။ ကျွန်တော်၏ဆန္ဒအရ ကိုကံညွန့်သည် တပ်မဟာသို့ အကြောင်းကြားထားခဲ့ခြင်းဖြစ်သည်။

ဗိုလ်မှူးကြီးလှအောင်တို့အဖွဲ့သည် တပ်မဟာတွင် တည်းခိုကြောင်း သိရှိခဲ့၍ဖြစ်သည်။ ဒေါက်တာတင်အေးသည် ယမန်နေ့ညက ဆင်ဖမ်းထွက်ရာမှ ပြန်ရောက်ရောက်ချင်း တပ်မဟာမှတစ်ဆင့် ကျွန်တော့်ထံ ပြန်၍ အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ယင်းကြောင့် ယနေ့ မနက်အစောကြီး လေယာဉ်ရုံးသို့ ပြန်ကြားရေးအရာရှိ ရောက်ရှိလာရခြင်းဖြစ်သည်။ သို့သော် သူသည် ဒေါက်တာတင်အေးက ဆက်သွယ်မှန်းကို မသိချေ။ တပ်မဟာမှ မေးမြန်းသည်ဟုသာ သိလေသည်။ ကျွန်တော်ကလည်း တင်အေးကိစ္စကို မေ့နေခဲ့သည်။ ပူတာအိုကိစ္စက ထိပ်တန်းသို့ တက်နေသဖြင့် ဖြစ်သည်။

ယခု တင်အေးနှင့်တွေ့ရှိပြီး ဇာတ်ရည်လည်သွားမှ ဟင်းချနိုင်တော့သည်။ ကိုသန်းထွန်းဦးလည်း မျက်နှာလန်းလာတော့သည်။

"ငါတို့ ခန္တီးမှာ အတော်အေးတယ်၊ မင်းတို့ ပူတာအိုမှာ ပိုပြီး အေးလိမ့်မယ်"
mgyoe.com

"ဒါနဲ့ မလုံလောက်ဘူးလား"

ကျွန်တော်က ကိုယ်တွင်ဝတ်ထားသော သက္ကလတ်ကုတ်အင်္ကျီကို ပြရင်းမေးသည်။

"ရမှာမဟုတ်ဘူး ... သိပ်အေးတယ်"

"ဒါဖြင့် မင်းဂျာကင် ပေးလိုက်လေ၊ မင်းဂျာကင်ကတော့ မြောက်ဝင်ရိုးစွန်းမှာ ဝတ်တာကျနေတာပဲ၊ တယ်ကောင်းတာပဲ"

"ယူသွားလေ၊ ငါက ရန်ကုန်ပြန်တော့မှာပဲ၊ မလိုတော့ပါဘူး၊ ငါ ယိုးဒယားသွားတုန်းက ဝယ်လာခဲ့တာ"

ဒေါက်တာတင်အေးသည် ပြောပြောဆိုဆို သူ့ကိုယ်မှဂျာကင်ကို ချွတ်၍ ကျွန်တော့်ကို ပေးသည်။ ကျွန်တော်ကလည်း မဆိုင်းမတွပင် ကုတ်အင်္ကျီနှင့် လဲဝတ်လိုက်သည်။ အတော်နွေးသည်။ သို့သော် တင်အေးမှာမူ မြစ်ကြီးနား၏နံနက်တွင် အင်္ကျီလက်တိုကလေးနှင့် တခိုက်ခိုက် ဖြစ်နေသည်။

"ရော့လေ... ငါ့အင်္ကျီ မင်းယူသွား"

ကျွန်တော်က ကုတ်အင်္ကျီကို ပေးသည်။

"နေပေ့စေ၊ ငါ့မှာ တခြားအနွေးထည်တွေ ပါသေးတယ်၊ မင်းဟာ မင်းသာ ယူသွား၊ ဟိုမှာတော့ အနွေးထည်များလေ ကောင်းလေပဲ"

ထိုစဉ်မှာပင် ကျွန်တော်တို့အနီးသို့ ကျွန်တော့်ညီ ရောက်ရှိလာသည်။ လေယာဉ်ရုံးတွင် ကျွန်တော်တို့ကို မတွေ့ရသဖြင့် မိလိုမိငြား ကွင်းသို့ လိုက်လာခြင်းဖြစ်သည်။ ကိုကံညွန့်က ကိုဟန်မြင့်ထံ ရေးပေးသော မိတ်ဆက်စာ တစ်စောင် ယူလာသည်။ ထို့ပြင်သာမက ကိုကံညွန့်က ကျွန်တော့်အတွက် ပေးလိုက်သော ဂျာကင်တစ်ထည်လည်း ပါလာသည်။ ထိုဂျာကင်ကို ကျွန်တော်က ကိုသန်းထွန်းဦးကို ပေးလိုက်သည်။ ထိုအခါမှ အေးသည် ချမ်းသည်ဟူသော သတင်းများကြောင့် မျက်လုံးပြူးနေသော ကိုသန်းထွန်းဦး နောက်တစ်ဆင့် လန်းဆန်းသွားပြန်သည်။ သူ့တွင် အနွေးထည်ဟူ၍ ဆွယ်တာလက်ရှည်နှင့် တိုက်ပုံအင်္ကျီသာ ပါသည်။

ယခုတော့မူ ကျွန်တော်တို့သည် အဆင်အပြေကြီး ပြေနေကြတော့သည်။ ဂျာကင်ကိုယ်စီနှင့် ဖြစ်သည်။ မိတ်ဆက်စာများ အလုံအလောက်နှင့်

mgyoe.com

mgyoe.com

ဖြစ်သည်။ တပ်မဟာကိစ္စကလည်း ရှင်းသွားပြီဖြစ်သည်။ သို့သော် ခုနစ်နာရီထွက်မည်ဆိုသော လေယာဉ်သည် ရှစ်နာရီအထိ မထွက်သေး။ ရာသီဥတုသာယာလျှင် မနက်စောစောထွက်မည်ဟု မနေ့က ပြောခဲ့သည်။ မြစ်ကြီးနားမြို့၏ ယနေ့နံနက်ခင်းသည်မူ သာယာလှသည်။ ကောင်းကင်တွင် တိမ်မရှိသလောက်ဖြစ်သည်။ စိမ်းစိမ်းပြာနေသည်။ နေရောင်ခြည်သည် နေရာအနှံ့တွင်ပွင့်နေသည်။ မြစ်အရှေ့ဘက်ရှိ မိုင်းနားတောင်စွန်းသည် ရွှန်းရွှန်းစိုနေသည်။ သို့သော် မြစ်ကြီးနားတွင် ရာသီဥတုကောင်းနေသော်လည်း ပူတာအိုတစ်ဝိုက်တွင် ကောင်းချင်မှကောင်းမည်။ ပူတာအိုမှ ရာသီဥတုကောင်းမွန်ကြောင်း သတင်းပို့ချက်ရမှသာလျှင် လေယာဉ်ထွက်နိုင်ပေသည်။

ဤသည်ပင်လျှင် ရုံဖန်ရုံခါ ပြဿနာပေါ်တတ်သေးသည်။ မြစ်ကြီးနားနှင့် ပူတာအို လေးဆယ့်ငါးမိနစ်သာ ပျံသန်းရသည်။ ဤလေးဆယ့်ငါးမိနစ်အတွင်းမှာပင် ရာသီဥတုအမျိုးမျိုး ပြောင်းလဲတတ်သည်။ ရာသီဥတုကောင်းပြီဆို၍ မြစ်ကြီးနားမှထွက်သွားသော လေယာဉ်သည် ပူတာအိုတွင် မဆင်းနိုင်သဖြင့် ပြန်လာခဲ့ရပေါင်းများပေပြီ။ မိနစ်ပိုင်းအတွင်းမှာ တိမ်များထူလာနိုင်သည်။ တိမ်များလွင့်စဉ်သွားနိုင်သည်။ အချိန်အနည်းငယ်အတွင်းမှာပင် အထက်လေကြောင်း ပြင်းထန်လာနိုင်သည်။ အထက်လေကြောင်း ငြိမ်သက်သွားနိုင်သည်။

ဒေါက်တာတင်အေးသည် ကိစ္စရှိသည်ဆိုပြီး ပြန်သွားသည်။ ခြေကျင်ဖြစ်သည်။ ကျွန်တော့်ညီကမူ လေယာဉ်ထွက်မှ ပြန်မည်ဆိုပြီး စောင့်နေသည်။ နံနက်ကိုးနာရီထိုးမှပင် ခရီးစဖြစ်ကြတော့သည်။ လေယာဉ်ပေါ်သို့ ပစ္စည်းများ အရင်တင်သည်။ ပြီးမှ ခရီးသည်များကို တက်စေသည်။ ကျွန်တော်တို့နှစ်ယောက်သည် နေရာကောင်းကောင်းရလိုသဖြင့် အရင်တက်လိုသော်လည်း တိုးခွေ့၍တက်ရန် အားနာသဖြင့် ခပ်ဆိုင်းဆိုင်းပင် ရှိကြရသည်။ ခရီးသည်များ တစ်ဝက်လောက် တက်ပြီးသွားသောအခါတွင် ကျွန်တော်တို့ရှိရာသို့ စစ်သားတစ်ဦးစက်ဘီးကို အပြင်းနင်းလျက် ရောက်လာသည်။

"စာရေးဆရာ နတ်နွယ်ဆိုတာ နောင်ကြီးတို့လားခင်ဗျာ"

သူက အသက်ရှူမမှန်သော လေသံဖြင့် မေးသည်။ လာပြန်ချေပြီဟု

mgyoe.com

mgyoe.com

စိတ်ထဲတွင် ထင့်သွားသည်။ သို့သော် ဣန္ဒြေမပျက်ပင် ဟုတ်ကြောင်းဆို လိုက်ရသည်။ ထိုအခါတွင်မှ သူက ဒေါက်တာတင်အေး လွှတ်လိုက်ကြောင်း၊ ဂျာကင်အင်္ကျီအိတ်ထဲတွင် သော့ပါသွားသဖြင့် လာတောင်းခိုင်းကြောင်း ပြောသည်။

အင်္ကျီအိတ်ထဲမှ သော့ငယ်ငယ်တစ်ချောင်းကို နှိုက်ယူ၍ ရဲဘော်ကို ပေးလိုက်သည်။ ရဲဘော်လည်း ချက်ချင်းပင် ပြန်သွားသည်။ ကျွန်တော်တို့ လေယာဉ်ပေါ်သို့ တက်ခဲ့သည်။ နောက်ဆုံးပင်ဖြစ်သည်။ သို့သော် ကျွန်တော်တို့ရသော နေရာမှာ မဆိုးလှပါချေ။ အတောင်ပံရှေ့စွန်း တည့်တည့်ပေါ်တွင်ဖြစ်၍ အောက်တည့်တည့်သို့ မမြင်ရသော်လည်း ရှေ့ကို လှမ်းမျှော်ပြီး မြင်ရသည်။ လေယာဉ်လမ်း ကျွန်တော်တို့ရှေ့တွင် တဖျပ်ဖျပ်ခုန်နေသည်ကို မြင်ရသည်။ မကြာမီတွင် လေယာဉ်လမ်းနှင့် မြေပြင်နိမ့်သည် အောက်သို့ နိမ့်ထိုး၍ ဆင်းသွားတော့သည်။

ကျွန်တော်တို့လေယာဉ် ခပ်ကြမ်းကြမ်း တက်နေသည်။ လေယာဉ်ဝမ်းဗိုက်ကို လေလုံးရိုက်သဖြင့် သိမ့်ခနဲ သိမ့်ခနဲရှိသည်။ တစ်ချီတစ်ချီတွင် ဘယ်ညာယိမ်းခါသွားသည်။ ကျွန်တော်တို့လေယာဉ်သည် အတော်ကြီးပင် ဟောင်းမြင်းနေပြီဖြစ်သော ဒါကိုတာကြီးဖြစ်သည်။ လေယာဉ်တံခါးသည် ဟနေသည်။ အခန့်မသင့်လျှင် ရုတ်တရက်ပြုတ်သွားနိုင်သည်ဟု အောက်မေ့ရသည်။ 'ထိုမှသာ လူတစ်ယောက်လွင့်စဉ်၍ ကျသွားရလျှင်'။ နောက်ဘက်တွင် မထိုင်ရသည်ပင် ကံကောင်းသည်ဟု ယူဆရတော့သည်။ ချစ်စဖွယ်သော လေယာဉ်မယ်ကလေးလည်း မရှိသဖြင့် 'ကျေးဇူးပြု၍ ခါးပတ်ကလေးကို ပတ်ထားကြပါရှင်' ဟူသောအသံကို မကြားရပါ။ မည်သူကမျှလည်း ခါးပတ်မပတ်ခိုင်းပါ။ မည်သူမျှလည်းမပတ်ပါ။ ဘေးထိုင်ခုံတွင်ရှိသော ကလေးငယ်နှစ်ယောက်သည် ထိုင်ခုံလက်တန်းတစ်ဖက်စီတွင် တင်ပါးလွှဲထိုင်လျက် မုန့်စားနေကြသည်။ ကလေးငယ်တို့၏မိခင်သည် နေရောင်ထိုးသဖြင့် ကန့်လန့်ကာကို ဆွဲဖြန့်လိုက်သည်။

သူတို့သည် ဤခရီးတွင် သွားနေကျဖြစ်ဟန် ရှိသည်။ အောက်ဘက်ရှိ မြင်ကွင်းကိုငေးရှုရန် စိတ်ကူးကြပုံမပေါ်။ သို့သော် ကျွန်တော်နှင့်ကိုသန်းထွန်းဦးတို့မှာမူ လက်ဝဲဘက်သို့ လှမ်းမျှော်ကြည့်လိုက်၊ လက်ယာဘက်သို့ လှမ်းမျှော်

mgyoe.com

mgyoe.com

ကြည့်လိုက်ရှိသည်ကို တွေ့ရသော ကလေးငယ်များ၏ မိခင်သည် ဆွဲဖြန့်ထားသော ကန့်လန့်ကာကိုပြန်၍ စုစည်းလိုက်သည်။ လေယာဉ်တွင်းသို့ နေရောင်ခြည်ထိုးဖောက်ဝင်လာသည်။ အမျိုးသမီးသည် ခေါင်းကို နောက်သို့ မှီလိုက်သည်။ ထိုအခါ ပြတင်းပေါက်မြင်ကွင်းကို ကျွန်တော် လွတ်လွတ်ကျွတ်ကျွတ် တွေ့ရသည်။

အရှေ့ဘက်ဝေးဝေးတွင် ဧရာဝတီမြစ်ကို တွေ့ရသည်။ ချက်ချင်းဆိုသလိုပင် မြစ်နှစ်မြွာ ကွဲသွားသည်။ လေယာဉ်သည် မြင့်သည်ထက်မြင့်လာနေ၍ မြစ်နှစ်မြွာသည် ကောက်ကွေ့တွန့်လိမ်သော ရေစီးမြောင်းကလေးနှစ်ခုပမာသာ ဖြစ်ပေသည်။

လေကြောင်းမှန်သွားပြီဖြစ်သဖြင့် လေယာဉ် ငြိမ့်ညောင်းလှသည်။ လေယာဉ်ဟောင်းမြင်းသည်ကို ကျွန်တော် အမှုမထားမိတော့။ လက်ဝဲဘက်သို့ ခပ်စိုက်စိုက်ငုံ့ကြည့်သည်။ လက်ယာဘက်သို့ ခပ်ပြန့်ပြန့် လှမ်းကြည့်သည်။ ဘယ်သို့ပဲကြည့်ကြည့် တောနှင့်တောင်တွေသာ တွေ့ရသည်။ ရံဖန်ရံခါတွင် ကျွန်တော်တို့ လေယာဉ်နှင့် အောက်ဘက် တောတောင်အကြားတွင် တိမ်တိုက်များ တိမ်လွှာများ ကြားခံနေတတ်သည်။ သို့သော် ဖြူဖြူပါးပါးများသာဖြစ်သည်။ အထုအထည် မကြီးမားသလို အပြန့်အဝန်းလည်း မကျယ်လှသဖြင့် မြင်ကွင်းကို ခဏမျှသာ ဟန့်တားနိုင်သည်။ အချို့နေရာတွင် တောင်များနိမ့်သွားသဖြင့် အမြင် ပြားချပ်သွားသည်။ အချို့နေရာတွင် တောင်များမြင့်တက်နေသဖြင့် သစ်ပင်များကို အကွဲအပြားမြင်ရသည်။ ကွက်လပ်ငယ်များတွင် ကျက်စားနေသော တိရစ္ဆာန်များနှင့် တဲငယ်များကို အာရုံပြုနိုင်သည်။

အတန်ကြာသောအခါ လေယာဉ်တွင်းသို့ အအေးဓာတ်ထိုးဖောက်လာသည်။ နေရောင်ခြည်ပျောက်သွားသည်။ လေယာဉ်ဘေးတွင် အငွေ့ဖြူဖြူများ ဆိုင်းလာသည်။ လေယာဉ်သည်အတန်ကြာအောင်ပင် တိမ်တိုက်ကို ထိုးဖောက်၍ ဝင်သွားနေသည်။ ဝန်းကျင်ကို မမြင်ရတော့။ တောင်ပံအဖျား နှစ်ခုသည်ပင် ပျောက်ကွယ်နေလေတော့သည်။

ယင်းတိမ်တိုက်မှ ထွက်သည်နှင့်တစ်ပြိုင်နက် မျက်လုံးများကျိန်းစပ်သွားသည်။ နေရောင်ခြည်ထွန်းပြောင်မှုကြောင့်တော့ ဤသို့ မကျိန်းစပ်

mgyoe.com

mgyoe.com


တန်ရာဟု အောက်မေ့ပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်ရာ တဖျပ်ဖျပ်လက်နေသော သွပ်မိုးတန်းကြီးတစ်ခုကို တောင်စောင်းတစ်လျှောက်တွင် တွေ့လိုက်ရသည်။ ယင်းသွပ်မိုးတန်းနှင့် မလှမ်းမကမ်းတွင် အဆောက်အဦများ စုပြွတ်လျက်ရှိသည်ကို တွေ့ရသည်။ ဟိုနားသည်နားတွင်လည်း ရွာကလေးများ မြင်ရသည်။ ချောင်းငယ်ကလေးတစ်ခု ကောက်ကွေ့နေသည်။

ခရီးသည်များ လှုပ်လှုပ်ရှားရှားရှိလာသဖြင့် ပူတာအိုသို့ရောက်ပြီဟု သိရသည်။ လေယာဉ်သည် သိသိသာသာကြီး ထိုးဆင်းနေသည်။ အတက်ကြမ်းသလို အဆင်းကြမ်းလှသည်။ ပြန့်ကျယ်သော မြေပြင်သည် တစ်စစမြင့်တက်လာသည်။ များမကြာမီတွင် လေယာဉ် လှုပ်ခါသွားသည်။ မြေပြင်တွင် ဆင်းသက်မိပြီဖြစ်သည်။ လေယာဉ်လမ်းတစ်ဖက်တွင် ဆင်ခြေလျှောယပ်တစ်ခုရှိရာ အခိုက်အတန့်အားဖြင့် တောင်စောက်ထဲသို့ထိုးကျသွားသလားဟုအောက်မေ့ရသည်။ သို့သော် ဆင်ခြေလျှောသည် ချက်ချင်းပင် ပျောက်ကွယ်သွားပြီး ဘေးနှစ်ဖက်တွင် ကျယ်ပြန့်သော ကွင်းပြင်များပေါ်လာသည်။

ထို့နောက် လေယာဉ် ရပ်သွားသည်။ စက်သံ တိတ်သွားသည်။ လူသံများ ဆူညံလာ၏။ ကျွန်တော်တို့သည် အတက်တုန်းကလိုပင် အဆင်းတွင်လည်း နောက်ဆုံးမှပင်ဖြစ်ချေသည်။ ကျွန်တော်တို့ကို စောင့်ကြိုနေသူများ မရှိမှန်းအတပ်သိသောကြောင့်ဖြစ်သည်။ သို့သော် ကျွန်တော်တို့သည် စိတ်အေးလက်အေးမူကား မရှိနိုင်ပါ။ ကြိုမည့်လူမရှိသလို အသိအကျွမ်းလည်း မရှိသောကြောင့်ဖြစ်သည်။

ဦးဟန်မြင့်ဆိုသူကို မေးမြန်းစုံစမ်းရဦးမည်။ ဖြူသလား မည်းသလားလည်း မသိ။ သူ့ရုံးနှင့် သူ့အိမ်ဘယ်နားမှန်းလည်းမသိ။ လေယာဉ်ကွင်းမှ မြို့ထဲသို့ ဘယ်ပုံသွားရမည်လည်း မပြောနိုင်သေး။ သို့ဖြင့် ကျွန်တော်တို့သည် မျက်စိမငြိမ်၊ နားမငြိမ်ဖြင့် ဆင်းခဲ့ကြသည်။

လေယာဉ်ကွင်းတွင် ကြီးမားသောအဆောက်အအုံကြီးများ မရှိပါ။ သေးသေးနိမ့်နိမ့် အဆောက်အအုံသုံးလေးခုသာ တွေ့ရပါသည်။ လာရောက်ကြိုဆိုသူများ၊ ဤလေယာဉ်နှင့် ပြန်လိုက်သွားမည့်သူများ၊ လေယာဉ်ရုံးအလုပ်သမားများမှာလည်း ကျိုးတိုးကျဲတဲမျှသာ ဖြစ်သည်။ ကြည့်ရသည်မှာ

mgyoe.com

mgyoe.com
ခြောက်ကပ်ကပ်နိုင်လှသည်။ ခပ်လှမ်းလှမ်းတွင် ရပ်ထားသော စစ်ကား တစ်စီးမှလွဲ၍ အခြားဘာကားမျှလည်း မရှိ။ ခရီးသည်တင်ကား၊ အငှားကား ဟူ၍ လုံးဝမရှိချေ။ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်ဟူ၍လည်း မတွေ့ ရချေ။ နောက်မှသိရသည်မှာ လေယာဉ်ကွင်းအထွက်တွင် ရဝမ်အပျိုကြီး တစ်ဦးဖွင့်ထားသော ခေါက်ဆွဲဆိုင်ရှိသည်။ သို့သော် အချိန်မရွေး ဖွင့်သည် ကားမဟုတ်။ အသားရသောနေ့တွင်သာ ရောင်းသည်ဟု သိရသည်။ ရောင်း လျှင်လည်း ခဏနှင့် ကုန်တတ်သည်။

ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင် စသည်နှင့် မော်တော်ယာဉ်များကို မတွေ့မမြင်ရသောအခါ အတန်ငယ် ချောက်ချားသွား သည်။ မည်သူ့ထံ မေးမြန်းစုံစမ်းရမည်နည်းဟု ဝန်းကျင်ကို အကဲခတ်သည်။ လေယာဉ်လုပ်သားများသည် ပစ္စည်းများ ချနေသည်။ သူတို့ကို မေး၍မဖြစ်။ အလုပ်ရှုပ်နေသည်။ ဘေးတွင် သွားလာနေကြသူများကို ကြည့်သောအခါ တွင်လည်း ဗမာဟူ၍မတွေ့ရသလောက်ဖြစ်သည်။ ဂျင်းဖော၊ ရဝမ်၊ လီဆူး နှင့် ခမ်းမတီးရှမ်းများသာဖြစ်ကြသည်။ သူတို့ပြောစကားများကို ကျွန်တော် နားမလည်။

ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် လူရွယ်တစ်ဦး ရပ်နေသည်။ သူသည် ပုဆိုးနှင့် တိုက်ပုံအင်္ကျီနှင့်ဖြစ်သည်။ သို့သော် မြန်မာမဟုတ်မှန်း ကျွန်တော် သိသည်။ ရဝမ်နှင့် တူသည်။ သူ့အနီးသို့ ချဉ်းကပ်ပြီး လေဆိပ်မှ မြို့ထဲသို့ မည်သို့သွားရမည်နည်းဟု ကျွန်တော်မေးသည်။ မြန်မာစကား မတတ်ကြောင်း သူ လက်ခါပြသည်။ ကျွန်တော်က လွယ်အိတ်ကို စမ်းမိ သည်။ လွယ်အိတ်ထဲတွင် အခြားစာအုပ်များအပြင် ဂျင်းဖောစကားပြော စာအုပ်နှင့် ဂျင်းဖောအင်္ဂလိပ်အဘိဓာန်တို့ ပါရှိသည်။ သို့သော် စာအုပ် တကားကားနှင့် ပြောဆိုရန် မလိုအပ်သေးဟု ယူဆသည်။

ဤလိုနေရာမျိုးတွင် ဗမာများ ရှိရမည်။ ဗမာစကားတတ်သော တိုင်းရင်းသားများ ရှိရမည်။ ဝေးခေါင်သောအရပ် မဟုတ်သေး။ ခရိုင်မြို့ ဖြစ်သည်။ အကြောင်းမသင့်ချင်၍သာ ဗမာစကားမတတ်သူနှင့် ပွဲဦးထွက် တိုးနေမိခြင်းဖြစ်သည်ဟု ကျွန်တော် တွက်လိုက်သည်။

သို့ဖြင့် နောက်ထပ်မေးမြန်းရန် သင့်သူကို ရှာဖွေမိသည်။ တစ်နေရာ
mgyoe.com

mgyoe.com


တွင် မြန်မာလိုဝတ်ထားသော ကချင်အမျိုးသမီးနှစ်ဦး ရပ်နေသည်။ အသား ဖြူကြသည်။ မြို့ကြီးများတွင် နေထိုင်သူများဟု သိသာသည်။ သူတို့ကို မေးရလျှင် ကောင်းမည်လားဟု စဉ်းစားသည်။ ထိုစဉ်တွင် ထိုအမျိုးသမီး နှစ်ဦးရှိရာသို့ အမျိုးသားတစ်ဦး ရောက်လာပြီး စကားပြောနေသည်။ ထိုအမျိုးသားသည် ကချင်လုံချည်အစိမ်းကွက်နှင့် လီဆူးအင်္ကျီဖြူကို ဝတ် ဆင်ထားသည်။ အသားမည်းသည်။ အရပ်ပုသည်။ ခေါင်းတုံးဆံတောက် နှင့်ဖြစ်သည်။ သူသည် ကချင်လည်း ဖြစ်နိုင်သည်။ ဗမာလည်း ဖြစ်နိုင်သည်။ အခြားတိုင်းရင်းသားလူမျိုးတစ်ဦးလည်း ဖြစ်နိုင်သည်။ ကျွန်တော်သည် မသေချာသည့်အလုပ်ကို မလုပ်လိုသဖြင့် လူသစ်ရှာပြန်သည်။ တွေ့ပြီ။ အင်္ကျီလက်ရှည်အဖြူ၊ သက္ကလတ်ဘောင်းဘီအညို၊ မျက်မှန်အနက်နှင့် လူတစ်ယောက်၊ သူသည် ဘောင်းဘီဝတ်ထားပြီး နေကာမျက်မှန် တပ်ထား သော်လည်း ဗမာတစ်ဦးဖြစ်မှန်း သေချာသည်။ ထို့ကြောင့် ကျွန်တော် သူ့ထံ သို့ လျှောက်သွားသည်။

"နောင်ကြီး ကျွန်တော့်ကို တစ်ခုကူညီပါ၊ ကျွန်တော်စာရေးဆရာ နတ်နွယ်ပါ၊ ကျွန်တော်တို့ မြို့ထဲကို ဘယ်လိုသွားရမလဲ"

ထိုအခါသူက ဖော်ရွေယဉ်ကျေးစွာ တုံ့ပြန်သည်။

"မြို့ထဲ ဘယ်ကိုသွားမှာလဲ"

"ပြန်ကြားရေးဌာနက ဦးဟန်မြင့်ဆီကိုပါ"

"သြော်... ဦးဟန်မြင့်က ကျွန်တော်နဲ့ ကပ်နေတာပဲ၊ စောစောကပဲ သူ့ရုံးမှာ တွေ့ခဲ့သေးတယ်၊ ဒါဖြင့်လာ.. သွားကြစို့၊ ဟောဟိုစစ်ကားနဲ့ လိုက်ရအောင်၊ ဒီပြင် ဘာကားမှမရှိဘူး၊ ကျွန်တော်လည်း အဲ့ဒီကားနဲ့ ကပ် လိုက်ရမှာပဲ၊ ရပါတယ်၊ ဒီလိုပဲသွားကြရတာပဲ၊ ကားမရှိတဲ့အခါလည်း ခြေ ကျင်ပဲသွားကြရတာပဲ၊ ဒါပေမဲ့ လေယာဉ်ကွင်းနဲ့ မြို့ဟာ တော်တော်ဝေး တယ်၊ နှစ်မိုင်လောက် ဝေးတယ်၊ ဒါနဲ့ ဆရာတို့ပစ္စည်းတွေ များသလား"

ကျွန်တော့်အနီးတွင် ရပ်နေသော ကိုသန်းထွန်းဦးကို တစ်ချက်ကြည့် ရင်း သူက မေးသည်။

"မများပါဘူး ... အိပ်ရာလိပ်တစ်ခုစီနဲ့ လက်ဆွဲအိတ် တစ်လုံးစီပါပဲ၊ သူက ပုဂံစာအုပ်တိုက်က ကိုသန်းထွန်းဦး"

mgyoe.com

mgyoe.com


"သြော် ... ဟုတ်ကဲ့၊ ကျွန်တော်က စိုးလှိုင်ပါ၊ လူဝင်မှုကြီးကြပ်ရေးက ပါ၊ ဆရာတို့ပစ္စည်းတွေ ရပြီလား"

"မရသေးဘူး"

"ဟိုမှာ လေယာဉ်ပေါ်ကချပေးနေတယ်၊ ဆရာတို့ပစ္စည်းကို ကြည့်ပြီး ယူခဲ့ပေတော့၊ ကျွန်တော် ကားဆီကို သွားနှင့်မယ်၊ တော်ကြာ ကားထွက် သွားရင် ဒုက္ခရောက်နေလိမ့်မယ်"

ပြောပြောဆိုဆိုပင် ဦးစိုးလှိုင်သည် ကိုက်တစ်ရာခန့်တွင် ရပ်ထားသော ကားဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားသည်။ ကျွန်တော်တို့လည်း လေယာဉ်အနီးသို့ သွားပြီး ကျွန်တော်တို့ပစ္စည်းများ ချပေးမည့် အလှည့်ကို စောင့်နေသည်။

ပစ္စည်းများရသည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်များကို တစ်ဖက်တစ်ချက်စီဆွဲပြီး ကားဆီသို့ သုတ်ခြေတင်ရ ပါသည်။ ပခုံးတွင်လွယ်ထားသော လွယ်အိတ်မှာလည်း စာအုပ်များ အပြည့် ဖြစ်သဖြင့် အတော်လေးသည်။ ပခုံးသားများ နာနေသည်။ လက်နှစ်ဖက် လည်း အကြောများတင်းလာသည်။ ကိုက်တစ်ရာခရီးကို ဤမျှဖြစ်နေလျှင် နှစ်မိုင်ခရီးဆိုလျှင်ကား အတော်မလွယ်မည်ဖြစ်သည်။ ဦးစိုးလှိုင်က လမ်းတစ်ဝက်မှ ဆီးကြို၍ ပစ္စည်းများကို ကူသယ်မည်ပြုသေးသည်။ ကျွန်တော်တို့က မပေးပါ။ သူ့ကို အားနာသည်။ သူ့ကို ကျေးဇူးတင်သည်။ သူနှင့် တွေ့သဖြင့်သာ ဤမျှအဆင်ပြေခြင်းဖြစ်သည်။ သို့မဟုတ်လျှင် ကျွန်တော်တို့သည် နှစ်မိုင်ခရီးကို ပွဲဦးထွက်အဖြစ် အကြိတ်အနယ် ကြဲကြ ရပေမည်။

ကားသည် ကျွန်တော်တို့ကို စောင့်နေခြင်းဖြစ်၍ ကားပေါ်သို့ ကျွန်တော်တို့ရောက်သည်နှင့်တစ်ပြိုင်နက် ထွက်သည်။ ကားပေါ်တွင် ရဲဘော်များလည်း ပါရှိသည်။ ရဲဘော်များသည် ကျွန်တော်တို့ပစ္စည်းများကို ကူညီ၍ နေရာချထားပေးသည်။

ဆယ်နာရီထိုးပြီဖြစ်သော်လည်း အအေးဓာတ် မကုန်သေး။ ကားအရှိန် ကြောင့် အနည်းငယ် ပို၍ အေးလာသည်။ ကားလမ်းသည် ကွေ့ပတ်တွန့် လိမ်နေသည်။ မကြာမီချောင်းတစ်ခုဖြတ်သည်။ တောင်ကမ်းပါးယံတစ်ခု

mgyoe.com

mgyoe.com


ကိုပတ်သည်။ ကျွန်တော်တို့သည် ရှုမျှော်ခင်းများကို လွတ်လွတ် ကျွတ်ကျွတ် အာရုံမပြုနိုင်ကြသေး။ ဦးဟန်မြင့်နှင့် တွေ့ပြီးမှသာ စိတ်အေးလက်အေး ရှိနိုင်မည်။

"ကောင်ကထောင်ကွေ့ကျရင် ကျွန်တော်တို့ကို ခဏရပ်ပေးပါ"

ဦးစိုးလှိုင်က ကားမောင်းသူ ရဲဘော်ကို လှမ်းပြောသည်။ ကားသည် တောင်ကုန်းတစ်ခုပေါ်သို့ ကွေ့ပတ်တက်သွားသည်။ ကုန်းမြင့်ထိပ်သို့ ရောက်သောအခါ လမ်းဆုံတစ်ခုတွင်ကားရပ်ပေးသည်။ ကျွန်တော်တို့ ဆင်းကြသည်။

လမ်းငယ်ကလေးအတိုင်း ကိုက်တစ်ရာခန့်သွားမိသော် ပြန်ကြားရေး ဌာနရုံးခန်းကို ရောက်သည်။

"အရင်တုန်းက ပြန်ကြားရေးဌာနက အောက်ချိုင့်ထဲမှာ၊ ဒီကုန်းပေါ်ကို ပြောင်းလာတာ သိပ်မကြာသေးဘူး၊ နီးသွားတာပေါ့"

ဦးစိုးလှိုင်က နှစ်ထပ်အိမ်ငယ်ကလေးတစ်ခု၏ အောက်ထပ်သို့ ဝင်ရင်းပြောသည်။ ပြန်ကြားရေးဌာန စာကြည့်ခန်းဖြစ်သည်။ ကချင်လူငယ် တစ်ဦးကိုတွေ့ရသည်။ ဦးဟန်မြင့်ကိုမူ မတွေ့ရ။ ထမင်းသွားစားသည်ဟု သိရသည်။ ပထမတွင် ဦးစိုးလှိုင်သည် ကျွန်တော်တို့ကိုထားခဲ့ပြီး သွားတော့ မည့်ပုံဖြစ်သည်။ နောက်မှ...

"နေဦး ... ကျွန်တော် ဆရာတို့ကို ဦးဟန်မြင့်ဆီရောက်အောင် ပို့ပေး မယ်၊ သူက ထမင်းစားပြီး ဒီကိုပြန်မလာဘဲ အောက်ချိုင့်ကို သွားချင်သွားနေ မှာ၊ ဆရာတို့ပစ္စည်းတွေတော့ ဒီမှာပဲထားခဲ့၊ သူက တပ်မှာ ထမင်းစားတယ်၊ ကျွန်တော်တို့ တပ်ရင်းကို လိုက်ကြရအောင်"

ကျွန်တော်တို့သည် ဦးစိုးလှိုင်ကို ပို၍ ကျေးဇူးတင်ရသည်။ နောက်မှ သိရသည်မှာ သူသည် စာမွေ့သူတစ်ဦးဖြစ်သည်။

ကျွန်တော်၏ 'မြန်မာပြည်မြောက်ပိုင်း' နှင့် အခြားဝတ္ထု တော်တော် များများကို ဖတ်ဖူးသူဖြစ်သည်။

ကျွန်တော်တို့သည် ဦးစိုးလှိုင်ကို တွေ့ရသဖြင့် စိတ်ချမ်းသာခြင်းများ စွာဖြစ်ရသော်လည်း အဓိကဦးတည်သူ ဦးဟန်မြင့်ကို ယခုထက်ထိမတွေ့ ရသေးသဖြင့် အလုံးမကျနိုင်သေးဘဲရှိနေပါသည်။ တပ်ရင်းရိပ်သာတွင်

mgyoe.com

mgyoe.com
ဦးဟန်မြင့်ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ပါစေဟု စိတ်ထဲမှကျိတ်၍ ဆုတောင်းနေမိပါသည်။

ကျွန်တော်တို့ တွေ့မြင်နေရသော ပူတာအိုမြို့သည် ကျိုးတိုးကျဲတဲသာဖြစ်သည်။ အဆောက်အဦငယ်ကလေးများသာဖြစ်သည်။ ကြီးမားသော အဆောက်အဦဟူ၍ တစ်ခုသာမြင်ရသည်။ ပူတာအိုဗိုလ်တဲ ဖြစ်သည်။ ဦးစိုးလှိုင်ကမူ အဆောက်အဦလေးများကို လက်ညှိုးထိုးပြရင်း ဒါက အရေးပိုင်ရုံး၊ ဒါက ကုန်သွယ်ရေးရုံး စသည်ဖြင့် ရှင်းပြပါသည်။ သို့သော် ကျွန်တော်တို့သည် တပ်ရင်းရိပ်သာသို့ ရောက်ဖို့သာ စိတ်စောနေပါသည်။ တပ်ရင်းရိပ်သာကို မြင်ရသည်။ တပ်ရင်းရိပ်သာမှာလည်း သေးငယ်သော တဲကလေးတစ်လုံးမျှသာ ဖြစ်သည်။

❒

mgyoe.com

mgyoe.com

## ခမ်းမတီးတို့ပွဲ

ကျွန်တော်တို့ လမ်းကို ဖြတ်ကူးသည်။ တပ်ရင်းရိပ်သာရှေ့တွင် မည်သူ တစ်စုံတစ်ယောက်မျှ မရှိချေ။ နေရောင်ခြည်ငွေ့ငွေ့သာ ပွင့်နေသည်။

ကျွန်တော်တို့ကို အပြင်တွင် ခဏနေခဲ့ရန်ပြောပြီး ကန့်လန့်ကာစိမ်း ဖျော့ဖျော့ကို လက်ဖြင့် ဖယ်တွန်းကာ ရိပ်သာတွင်းသို့ ဦးစိုးလှိုင် ဝင်သွား သည်။

တပ်ရင်းရိပ်သာသည် သေးငယ်ရုံမျှမက ဟောင်းမြင်းခြင်းလည်း ရှိသည်။ မြေစိုက် သုံးပင်နှစ်ခန်းဖြစ်သည်။ သက်ငယ်များလည်း ဆွေးချေပြီ။ ဝါးထရံများလည်း ကျိုးပေါက်နေပေပြီ။ ဖွင့်ထားသော တံခါးသည် ရန့်ရွဲ့ လျက် ရှိသည်။ ကန့်လန့်ကာအစိမ်းသည် အရောင်ပြယ်၍ ချေးများစွန်းကာ မည်းနေသည်။

ချက်ချင်းဆိုသလိုပင် ကန့်လန့်ကာ ပြန်ပွင့်လာသည်။ ဦးစိုးလှိုင်ဘေး တွင် အရပ်ပုပုလူတစ်ယောက် ရပ်နေသည်။ မျက်မှန်နှင့် ဖြစ်သည်။ သူသည် ယခုမှ ထမင်းစားပြီးဟန် ရှိသည်။ လက်သုတ်သင်ရင်းမှ ကျွန်တော်တို့ကို အတွင်းသို့ ခေါ်သည်။ ဦးဟန်မြင့်ဆိုသူမှာ သူပါပဲလား။

ကျွန်တော်တို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဝင်သည်။ အခန်း နှစ်ခန်းမျှသာ ရှိသည့်အနက် တစ်ခန်းမှာ ကာရံထားသည်။ ကျန်သည့်အခန်း မှာလည်း ကျယ်ဝန်းလှသည် မဟုတ်။ ထိုအထဲတွင် ပရိဘောဂများအပြည့်

mgyoe.com

mgyoe.com
ဖြစ်သည်။ ထမင်းစားပွဲနှင့် ဧည့်စားပွဲကို ယှဉ်၍ခင်းထားသည်။ အခန်းထဲတွင် ကျွန်တော်တို့ လေးယောက်သာ ရှိသည်။

ဦးစိုးလှိုင်က ကျွန်တော်တို့နှစ်ယောက်ကို လေယာဉ်ကွင်းမှခေါ်လာကြောင်း ဦးဟန်မြင့်ကို ပြောသည်။ ဦးဟန်မြင့်က ထိုင်ကြရန်ပြောသည်။ ဦးစိုးလှိုင်က နောက်မှတွေ့ဦးမည်ဆိုပြီး ပြန်သွားသည်။ ကျွန်တော်က ချက်ချင်း ဦးကရင်ယွန်းနှင့် ကိုကံညွန့်တို့ထံမှ စာများကို ဦးဟန်မြင့်အား ပေးလိုက်သည်။

"ဦးနတ်နွယ်တို့ ဘယ်တွေသွားချင်သလဲ"

"မချမ်းသာရယ်၊ ဒီအနီးအနားက ကချင်ရွာ၊ ရှမ်းရွာတွေရယ်ပေါ့၊ သွားလို့ရရင်ပေါ့"

"ရပါတယ် ... ဒီနားမှာတော့ လီဆူးနဲ့ ရဝမ်ရွာတွေပဲ များတယ်၊ ခမ်းမတီးရွာတွေလည်း ရှိပါတယ်၊ ကနေ့ နေ့ခင်းကို ကျွန်တော်တို့သွားကြမယ်၊ ဘုရားပွဲ ရှိတယ်၊ မချမ်းသာကိုတော့ ကားစီစဉ်တာပေါ့၊ ရပါတယ်၊ ဒီစီကြီးဆီမှာ ကားတောင်းတာပေါ့၊ တပ်ကကား ကြုံရင်ကြုံပေါ့"

"ဟုတ်ကဲ့ ... ဦးဟန်မြင့် အဆင်ပြေသလို စီစဉ်ပါ"

"ထမင်းစားပြီးကြပြီလား"

"ဘယ်စားရဦးမလဲ"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူပြောမိသည်။

"နေဦးဗျ ... ကျွန်တော် စီစဉ်ဦးမယ်၊ ကနေ့မနက်တော့ ထမင်းရပါတယ်၊ ဒီက စစ်ဗိုလ်သုံးလေးယောက် ဒီမှာမစားကြဘူး၊ နောက်နပ်တွေအတွက်လည်း ရပါတယ်၊ တပ်ရင်းမှူးတော့ မရှိဘူး၊ ရှေ့တန်းရောက်နေတယ်၊ ဒု-တပ်ရင်းမှူးလည်း ရှေ့တန်းရောက်နေတယ်၊ ခေတ္တတပ်ရင်းမှူး ရှိပါတယ်၊ အခုတော့ သူ အပြင်ခဏသွားနေတယ်နဲ့တူတယ်၊ ဒီမှာ ခဏနေဦး၊ ကျွန်တော် မက်စ်ဆာဂျင်ကို သွားရှာလိုက်ဦးမယ်"

ဦးဟန်မြင့်သည် ပြောပြောဆိုဆို ပျာယီးပျာယာ နောက်ဖေးပေါက်မှ ထွက်သွားသည်။ တံခါးဖွင့်ထားသည်။ ကန့်လန့်ကာ မရှိ။ အပြင်ကို မြင်နေရသည်။ မလှမ်းမကမ်းတွင် လေးတိုင်စင် ကွပ်ပျစ်ကလေးတစ်ခု ရှိသည်။ ထိုတွင် ရဲဘော်များ စစ်တုရင်ထိုးနေသည်ကို မြင်ရသည်။
mgyoe.com

mgyoe.com


တပ်ရင်းရိပ်သာသည် ချောင်းကမ်းထိပ်တွင် တည်ရှိခြင်းဖြစ်သည်။ အောက်ဘက် ဝါးနှစ်ရိုက်လောက်တွင် ချောင်းငယ်တစ်ခု စီးဆင်းနေသည်။ အဝတ်ဖွပ်နေကြသူများ၊ ရေချိုးနေကြသူများ ရှိသည်။

မကြာမီတွင် ဦးဟန်မြင့် ပြန်ရောက်လာသည်။ သူနှင့်အတူ တပ်ကြပ်ကြီးတစ်ဦး ပါလာသည်။ ထိုသူက ကျွန်တော်တို့အား ထမင်းရူးကျွေးသည်။

"စားကြပါ ဆရာတို့၊ စားကြပါ။ ဘာမှအားမနာပါနဲ့"

သူက ဖော်ရွေလိုက်လှဲစွာ ဧည့်ဝတ်ပြုသည်။ သူ့အသံ ဝဲသည်။ သူက တောင်ပေါ်သားတစ်ဦးဖြစ်သည်။

ဆာ၍လားမသိ။ ကျွန်တော်တို့နှစ်ယောက်စလုံး ထမင်းစား၍ ကောင်းလှသည်။ တပ်မတော်အရာရှိများအတွက် ပြင်ထားသော ထမင်းပွဲဖြစ်သည်။ ဖွယ်ရာသော ဟင်းလျာကောင်းများ မဟုတ်။ ကုလားပဲဟင်းနှင့် ငါးပိကြော်သာဖြစ်သည်။ ဆန်မှာလည်း ကြမ်းတမ်းနီရဲသော ငစိန်အညံ့စားဖြစ်သည်။

ကျွန်တော်တို့ ထမင်းစား၍ ပြီးခါနီးလောက်တွင် စစ်ဗိုလ်သုံးဦး ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ ဦးဟန်မြင့်က မိတ်ဆက်ပေးသည်။ သူတို့သုံးဦးမှာ တပ်ရင်းမှူးတာဝန်ကို ခေတ္တထမ်းဆောင်နေသော ဗိုလ်ကြီးစိုးနိုင်၊ ဗိုလ်အောင်ဘကြည်နှင့် ဗိုလ်သောင်းတင်တို့ ဖြစ်ကြသည်။

"ဆရာနတ်နွယ်ဆိုတော့ စနေနံပဲ၊ ကျွန်တော်လည်း စနေနံပဲ၊ လောကမှာ စနေနံပါတဲ့ဟာတွေက အကောင်းဆုံးပဲ၊ ဟား ဟား ဟား"

ဗိုလ်ကြီးစိုးနိုင်က သူ့ဘာသာသူ ပြော၍ရယ်သည်။

"ကျွန်တော့်မိန်းမမှာလည်း စနေနံ ပါပါတယ်"

တစ်ယောက် ပြောသည်။ အားလုံးရယ်ကြရသည်။

"ဆရာနတ်နွယ်တို့ ဒီမှာနေသရွေ့တော့ တပ်မှာပဲ စားပါ၊ ဘာမှအားမနာပါနဲ့၊ ကျွန်တော်တို့တပ်ကတော့ ဧည့်သည်တွေလာရင် ဒီလိုပဲ လုပ်ပေးကြရတာပဲ၊ ဒီမှာက အစားအသောက် သိပ်ရှားတယ်၊ ရဲတပ်ဖွဲ့နဲ့ အစိုးရအမှုထမ်းတွေမှာ အခက်အခဲရှိတယ်ဆိုရင်လည်း ကျွန်တော်တို့ကပဲ ဖြေရှင်းပေးရတာပဲ၊ ရှိတာတော့ စားရမှာပေါ့၊ ကျွန်တော်တို့လည်း ပဲနဲ့ ညရင်ကောက်ပဲ စားနေကြရတာပဲ"

mgyoe.com

mgyoe.com

ဗိုလ်ကြီးစိုးနိုင်က ရင်းနှီးပွင့်လင်းစွာ ပြောသည်။ ကျွန်တော်တို့မှာ အရေးကြီးသော ပြဿနာတစ်ခု ပြေလည်သွားသဖြင့် ကျေးဇူးတင်ရသည်။ ဝမ်းသာရသည်။ ဗိုလ်အောင်ဘကြည်နှင့် ဗိုလ်သောင်းတင်တို့ကလည်း အားနာမှုမရှိရန် ပြောသည်။

ဗိုလ်အောင်ဘကြည်က 'မီးခိုးမဆုံး မိုးမဆုံး' အကြောင်း ပြောသည်။ ထိုတုန်းက မီးခိုးမဆုံး မိုးမဆုံးသည် ငွေတာရီတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် ပါနေဆဲဖြစ်သည်။ ဗိုလ်သောင်းတင်မှာ ပုဂံစာအုပ်တိုက်သို့ တစ်ကြိမ်ရောက်ဖူးသည်ဟု ဆိုသည်။ ကျွန်တော်နှင့် သူ မကြုံမတွေ့လိုက်။

ကျွန်တော်တို့သည် ရိပ်သာတွင်ခဏကြာမျှ စကားပြောနေကြပြီးနောက် တည်းခိုရေးအစီအစဉ်များ ပြုလုပ်ရန် ထွက်ခဲ့ကြသည်။

"ဦးနတ်နွယ်တို့ ဗိုလ်တဲမှာ တည်းမလား၊ ကျွန်တော်တို့ အခန်းက ကျဉ်းတယ်၊ ကျွန်တော်ရောက်တာလည်း မကြာသေးတော့ ဘာမှမလှည်းမကျင်းရသေးဘူး"

"ဘယ်မှာပဲ တည်းတည်းဖြစ်ပါတယ်၊ တည်းတာက အဓိကမဟုတ်ပါဘူး၊ ကိုယ်သွားချင်ရာသွားရပြီး သိချင်တာကလေးတွေ သိရရင်ပြီးတာပဲ။ ဗိုလ်တဲမှာတည်းလို့ရော ရမလား"

"ရပါတယ် ... ဒီစိကြီးကို ပြောရင်ပြီးတာပဲ၊ ကျွန်တော်တို့ အခုအခန်းအား ရှိ၊ မရှိ ဝင်ကြည့်သွားတာပေါ့"

"တည်းခ ဘယ်လောက်ပေးရမလဲ"

"မပေးရပါဘူး ... မီးဖိုး တစ်နေ့တစ်ကျပ်ပဲ ပေးရပါတယ်"

အစိုးရဧည့်ရိပ်သာဝင်းအတွင်းသို့ ကျွန်တော်တို့ ဝင်ခဲ့ကြသည်။ ဝင်းကြီးမှာ ကျယ်ဝန်းလှသည်။ ချောင်းကမ်းပါးစပ်တွင်ဖြစ်၍ အကွက်အကွင်းလည်း ကောင်းလှသည်။ ကြီးမားသော နှစ်ထပ်အဆောက်အဦကြီးသည် ပတ်ပတ်လည်တွင်ရှိသော ရေခဲတောင်များနှင့် ဂုဏ်တုဂုဏ်ပြိုင် ဖြစ်နေသည်။ အုတ်ကြွပ်ခေါင်မိုးထက်တွင် စွန်းထွက်နေသော လေးထောင့်အုတ်ခေါင်းတိုင်ကြီးနှစ်ခုကလည်း 'ဖို့တ်ဟတ်ဇ်' ဟူသောအမည်ကို အမှတ်တရ ရှိနေစေသည်။

ကျွန်တော်တို့သည် ဧည့်ရိပ်သာပေါ်သို့ မတက်တော့ပါ။ အောက်ဘက်

mgyoe.com

mgyoe.com


တန်းလျားမှာပင် ဒရဝမ်နှင့်တွေ့၍ မေးသည်။ အခန်းအား ရှိသည်။ အပေါ်ထပ်တွင် နောက်ရောက်လာသော ရဲတပ်ဖွဲ့ကြီးကြပ်ရေးမှူးတစ်ဦးသာ ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ကျွန်တော်တို့ ဧည့်ရိပ်သာဝင်းအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။

ပစ္စည်းများထားခဲ့သော ပြန်ကြားရေးဌာန စာကြည့်ခန်းသို့ မသွားကြသေးဘဲ ဧည့်ရိပ်သာနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော လက်ဖက်ရည်ဆိုင်သို့ ဝင်ကြသည်။ ပူတာအိုမြို့တွင် လက်ဖက်ရည်ဆိုင်ဆို၍ ဤတစ်ဆိုင်သာ ရှိသည်။ ဤသည်ပင်များ မကြာမီကမှ အစိုးရအမှုထမ်းအရာထမ်းများ စုပေါင်းဖွင့်လှစ်ထားခြင်းဖြစ်သည်။

လက်ဖက်ရည်ဆိုင်တွင် မချမ်းဘောပါတီယူနစ် စည်းရုံးရေးမှူး ဗိုလ်ကြီးကြည်နှင့် တွေ့သည်။ မချမ်းဘောသွားရေးကိစ္စ တစ်ခါတည်း အဆင်ပြေသွားသည်။ သန်ဘက်ခါတွင် ဗိုလ်ကြီးကြည် ပြန်မည်ဖြစ်သည်။ သူနှင့်အတူ လိုက်သွားရန်ဖြစ်သည်။

ဗိုလ်ကြီးကြည်ကို ကျွန်တော် မြင်ဖူးသည်ထင်၍ စဉ်းစားသည်။ နောက်မှသတိရသည်။ လေယာဉ်ကွင်းတွင် တွေ့ခဲ့ခြင်းဖြစ်သည်။ ဗမာလို ဝတ်ဆင်ထားသော ကချင်အမျိုးသမီး နှစ်ဦးရှိရာသို့ ရောက်လာသူဖြစ်သည်။ သူ့ကိုယ်တွင် ကချင်လုံချည်အစိမ်း၊ လီဆူးအင်္ကျီအဖြူ ဝတ်ထားဆဲပင် ဖြစ်သည်။

"ဗိုလ်ကြီးကြည်ကို ကျွန်တော် ဘယ်မှာမြင်ဖူးသလဲလို့ စဉ်းစားနေတာ၊ အခု လေယာဉ်ကွင်းမှာ မြင်ခဲ့တာကိုး၊ ကျွန်တော်က ဗိုလ်ကြီးကြည်ကို ကချင်တစ်ယောက်လို့ပဲ အောက်မေ့နေတာ"

"ကျွန်တော်ကတော့ ကချင်တွေထဲရောက်ရင် ကချင်လို ဝတ်တာပဲ၊ ရှမ်းတွေထဲရောက်ရင် ရှမ်းလိုဝတ်တာပဲ၊ တိုင်းမှူးလာတုန်းကလည်း ကျွန်တော်က ဒီအဝတ်အစားနဲ့ပဲ၊ တိုင်းမှူးလည်း တော်တော်အံ့သြသွားတယ်"

ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်မိ၏။ စည်းရုံးရေးသမားများတွင် ရှိအပ်သော အရည်အချင်းတစ်ခုဖြစ်သည်။ စည်းရုံးရေးသမားကောင်းတို့မည်သည် မည်သူနှင့်မဆို အကျွမ်းဝင်အောင် ပေါင်းသင်းရမည်။ မူနှင့်

mgyoe.com

mgyoe.com

ပတ်သက်လာသောအခါတွင်သာ ကိုယ်က သူ့ဘက်ပါမသွားဘဲ သူ့ကိုသာ ကိုယ့်ဘက်ပါအောင် သိမ်းသွင်းနိုင်ရမည်။

"ကျွန်တော်က မနက်က လေယာဉ်ကွင်းမှာ အသိကလည်း မရှိ၊ ရောက်ကလည်း မရောက်ဖူးတော့ ကလယ်ကလယ် ဖြစ်နေတာပေါ့၊ ဒါနဲ့ ဗမာလို၀တ်ထားတဲ့ ကချင်အမျိုးသမီးနှစ်ယောက်ဆီကို သွားပြီးစုံစမ်းမေးမြန်း မလို့ စိတ်ကူးနေတုန်း အဲ့ဒီအမျိုးသမီးနှစ်ယောက်ဆီကို ဗိုလ်ကြီးကြည် ရောက်လာတာနဲ့ ကျွန်တော် မမေးတော့ဘူး၊ အဲ့ဒီတုန်းက ကျွန်တော်က ဗိုလ်ကြီးကြည်ကို ကချင်လို့ပဲ အောက်မေ့နေတာ၊ ဗိုလ်ကြီးကြည်ရဲ့ ရုပ်က လည်း ကချင်နဲ့ အတော်တူတာပဲ"

"ကျွန်တော်က ဒီမှာရောက်နေတာကြာလှပြီကိုး၊ နယ်ခြားဒေသခေတ် ကတည်းကပဲ၊ ကချင်ပြည်နယ်တစ်ခုလုံးလည်း နံ့နေပြီ၊ တစ်ခါတစ်ခါတော့ လည်း ကိုယ့်ကိုယ်ကိုယ် ကချင်တစ်ယောက်လို့ပဲ အောက်မေ့နေတယ်"

"ကောင်းပါတယ် ... ဒီလိုဒေသမျိုးမှာ တာဝန်ယူတဲ့လူဟာ ဒီလိုလူမျိုး ပဲ ဖြစ်ရမှာပဲ"

ကျွန်တော့်မျက်စိထဲတွင် မြို့ပေါ်မှ ကျွန်တော့်မိတ်ဆွေအချို့ကို မြင် ယောင်လာမိသဖြင့် ထိုစကားကို အလိုလို ပြောလိုက်မိသည်။ ဤတွင် ဗိုလ်ကြီးကြည်နှင့် အတူပါရှိလာသော ပုဂ္ဂိုလ်က ကြားဝင်၍ပြောသည်။

"အဲ့ဒီအကြောင်း ဦးနတ်နွယ် စာရေးတဲ့အခါမှာ ထည့်ရေးလိုက်စမ်း ပါ၊ ဗိုလ်ကြီးကြည်နဲ့ အဲ့ဒီနယ်နဲ့ အင်မတန်လိုက်တဲ့အကြောင်းပေါ့၊ ဒါမှ သူ့ကို ဒီကပြန်မခေါ်မှာ၊ ဒီမှာတစ်သက်လုံးထားမှာ"

ထိုသူမှာ ပူတာအိုရဲတပ်ဖွဲ့မှ လုံခြုံရေးမှူး ဦးစိုးကြည်ဖြစ်သည်။ ဦးစိုးကြည်၏စကားကြောင့် ကျွန်တော်တို့ ရယ်ရသည်။

ဗိုလ်ကြီးကြည်၏ ဇနီးနှင့်သားသမီးများသည် မြစ်ကြီးနားတွင် ဖြစ်သည်။ မြစ်ကြီးနားနှင့် ပူတာအိုသည် အလုပ်ကိစ္စမရှိဘဲနှင့် တစ်နှစ် တစ်ခေါက် ရောက်နိုင်ဖို့မလွယ်ချေ။ ဤလိုအစားအသောက်ရှားပါး၍ ရာသီ ဥတု ဆိုးရွားသောဒေသသို့ အလေ့အကျင့်မရှိသော အမျိုးသမီးနှင့် ကလေး သူငယ်များ လာရောက်နေထိုင်ရန် မလွယ်ချေ။ ပူတာအိုတွင် တာဝန်ကျနေ သော အစိုးရအရာထမ်း အမှုထမ်း အများအပြားသည် သူတို့အိမ်သားများကို
mgyoe.com

mgyoe.com
မြေနိမ့်တွင် ထားခဲ့ကြရသည်ဖြစ်သည်။ အတူပါရှိလာသူများမှာလည်း ပလိုင်းများ၊ ဓားများနှင့် ကချင်တစ်ပိုင်း ရှမ်းတစ်ပိုင်း ဖြစ်နေကြပေပြီ။

"မနက်က ကိုနတ်နွယ်တွေ့တဲ့ အမျိုးသမီးနှစ်ယောက်က တစ်ယောက်က ဥက္ကဋ္ဌကြီးကတော်လေ၊ ဒီမှာ ဘုရားရှိခိုးကျောင်း လာဖွင့်တာ၊ ကနေ့ ပြန်ကြတာမို့ ကျွန်တော်လိုက်ပို့တာ"

"ဩော် ဟုတ်တယ်၊ ဥက္ကဋ္ဌကြီးက ပြောလိုက်တယ်၊ သူ့အမျိုးသမီးလည်း ဒီဘက်သွားတယ်တဲ့"

ဗိုလ်ကြီးကြည်က ပြောသည်။ ထိုစဉ်တွင် ဦးစိုးကြည်က ခေါက်ဆွဲတစ်ပန်းကန် ယူလာပြီး ဗိုလ်ကြီးကြည်ရှေ့တွင် ချပေးသည်။ လက်ဖက်ရည်ဆိုင်ရှေ့တွင် အမျိုးသမီးတစ်ယောက် ခေါက်ဆွဲရောင်းနေသည်။ ဗိုလ်ကြီးကြည်က ကျွန်တော်တို့အားစားရန်ပြော၍ ကျွန်တော်တို့က ထမင်းစားပြီးကြောင်း ပြောသည်။

"ကျွန်တော်ကတော့ ဒါမနက်စာပဲ၊ တွေ့ရာမှာ ကြုံရာစားတာပဲ၊ ဩော် ဒါနဲ့ ဦးဟန်မြင့်၊ ကျွန်တော်တို့ ညကျရင်တော့ အလှူမှာစားရလိမ့်မယ်ထင်တယ်၊ အလှူကို သွားကြမယ်မဟုတ်လား"

"ဟုတ်ကဲ့... သွားကြမယ်၊ ဗိုလ်ကြီးကြည် လိုက်မလား၊ ကျွန်တော်တို့ နှစ်ချက်မှာ ပါတီရုံးမှာ ဆုံကြမယ်၊ ဗိုလ်ကြီးငြိမ်းတို့၊ ဦးစပ်နွယ်ဆားတော်တို့ အားလုံးလည်း ချိန်းပြီးပြီ၊ ရုံးကလူတွေရော၊ ပါတီကလူတွေရော အားလုံး လိုက်ကြမယ်၊ ကျွန်တော်တို့လူနှစ်ဆယ် လာမယ်လို့ပြောထားတယ်၊ ထမင်း ကျွေး မကျွေးတော့ မသိဘူး"

"ကျွေးရမှာပေါ့... အလှူပဲ၊ ကိုနတ်နွယ်တို့လည်း လိုက်မယ်မဟုတ်လား"

ဗိုလ်ကြီးကြည်က မေးသည်။ ကျွန်တော်က ဘာမှမသိသည့်အနေဖြင့် ဦးဟန်မြင့်ကို ကြည့်သည်။

"လိုက်မှာပေါ့... လိုက်မယ်မဟုတ်လား၊ ကျွန်တော်တို့ကို ခမ်းမတီးဘုရားပွဲနဲ့ စုပေါင်းရှင်ပြုပွဲက ဖိတ်ထားတယ်၊ လေ့လာရတာပေါ့"

ဦးဟန်မြင့်က ပြောသည်။

"သွားပါ ... ကောင်းပါတယ်၊ ကျွန်တော်တို့ကတော့ ဘယ်ဖြစ်ဖြစ်

mgyoe.com

mgyoe.com

သွားမှာပဲ၊ ကျွန်တော်တို့လည်း တွေ့ရာကြုံရာ အကုန်စားတွေပဲ"

လက်ဖက်ရည်ဆိုင်တွင် အတန်ကြာမျှထွေထွေရာရာ စကားပြောနေကြသည်။ ဗိုလ်ကြီးကြည်သည် ဗန်းမော်တင်အောင်နှင့် ဆွေမျိုးတော်ကြောင်း သိရသည်။ မချမ်းဘောမှ ရဲတပ်ဖွဲ့လုံခြုံရေးမှူး ဦးလှဝင်းနှင့်လည်း သိကျွမ်းရသည်။ လေယာဉ်ပေါ်တွင် မျက်မှန်းတန်းခဲ့သော အမျိုးသမီးနှင့် ကလေးငယ်နှစ်ဦးသည် သူ့ဇနီးနှင့် သူ့ကလေးများ ဖြစ်နေသည်။ ဦးလှဝင်းက သူတို့ကို လာကြိုခြင်းဖြစ်သည်။ ဦးလှဝင်း၏ဇနီးက ကျွန်တော်တို့ကို မြင်တွေ့သောအခါ မှတ်မိကြောင်းဖြင့် ပြုံး၍နှုတ်ဆက်သည်။

နာရီပြန်တစ်ချက်လောက်တွင် ပြန်ကြားရေးဌာနစာကြည့်ခန်းသို့ သွားကြသည်။ စာအုပ်စာတမ်းအချို့ တောင်းယူရရှိသည်။ စာကြည့်ခန်းနှင့် ဗိုလ်တဲမှာ အတန်ငယ်လှမ်းသဖြင့် ကျွန်တော်တို့ ပစ္စည်းများသယ်ရန်အတွက် စာကြည့်ခန်းအနီးတွင် ခေတ္တရပ်နားနေသော တပ်မတော်မှ ကားတစ်စီးကို ဦးဟန်မြင့် သွားရောက်ဆွေးနွေးသည်။ ကားမောင်းသူရဲဘော်က လိုက်ပို့ပေးမည်ဆိုသဖြင့် ကျွန်တော်တို့ပစ္စည်းများကိုကားပေါ်တင်သည်။ ရဲဘော်က ကျွန်တော်တို့ဗိုလ်တဲဝင်းအတွင်း ဝင်ပြီး အဆောက်အဉီရှေ့ထိရောက်အောင် လိုက်ပို့သည်။

"ကျွန်တော်တို့ဆီမှာတော့ ဒီအတိုင်းပဲ၊ တပ်မတော်က ကားတွေကိုပဲ အားထားနေရတာပဲ၊ သူတို့နဲ့တွေ့ရင်တော့ ကိုယ်သွားချင်ရာကို လွယ်လွယ်ကူကူရောက်တာပဲ၊ ကားမကြုံတဲ့အခါဆိုရင်တော့ ကုန်းကြောင်း လျှောက်ရတာပဲ၊ ကျွန်တော့်ကိုပဲ ပူတာအိုနဲ့ မချမ်းဘောကုန်းကြောင်း လျှောက်ရတာ မနည်းတော့ဘူး၊ ဆယ့်လေးမိုင် ဝေးတယ်၊ လူလွတ်လျှောက်ရတာလည်း မဟုတ်ဘူး၊ ဒီမှာက ဘယ်သွားသွား အိပ်ရာလိပ် ယူရတယ်။ သိပ်ချမ်းတယ် မဟုတ်လား"

ဦးဟန်မြင့်က ပြောသည်။ ထို့နောက် ကျွန်တော်တို့ အိပ်ရာလိပ်များ ထမ်းပြီး ဧည့်ရိပ်သာပေါ်သို့ တက်သွားသည်။ အပေါ်တွင် အခန်းကြီး သုံးခန်း ရှိသည်။ ခေါင်းရင်းခန်းကို ရဲတပ်ဖွဲ့ကြီးကြပ်ရေးမှူး ယူထားသည်။ ကျွန်တော်တို့က အလယ်ခန်းကို ရွေးယူလိုက်သည်။ အခန်းထဲတွင် ခုတင် သုံးလုံးနှင့် မီးလင်းဖိုတစ်ခု ရှိသည်။

mgyoe.com

mgyoe.com


"ခုတင်သုံးလုံးရှိတာ ဟန်ကျတာပဲ၊ ဦးဟန်မြင့်လည်း ကျွန်တော်တို့နဲ့ အတူ လာအိပ်ပါ၊ နို့မိုရင် ဦးဟန်မြင့်ကို လိုက်ရှာရတာနဲ့ ကျွန်တော်တို့ အလုပ်တွင်ကျယ်မှာ မဟုတ်ဘူး"

ကျွန်တော်က ပြောသည်။ ဦးဟန်မြင့်က အလွယ်တကူပင် သဘောတူသည်။ သူ့အိပ်ရာလိပ်သည် အောက်ချိုင့်ပါတီရုံးတွင် ရှိသည်ဖြစ်၍ ဘုရားပွဲမှအပြန်တွင် ယူလာမည်ဟု ပြောသည်။

ထို့နောက် ကျွန်တော်တို့သည် အခန်းထဲတွင် ပစ္စည်းများအနည်းငယ်မျှ နေသားတကျရှိအောင် ပြုပြင်ပြီးနောက် ဘုရားပွဲသို့သွားရန် ထွက်ခဲ့ကြသည်။ ဝရန်တာတွင်ရပ်၍ ဝင်းကိုခေတ္တမျှကြည့်သည်။ ဗိုလ်တဲ၏အောက်ဘက်တွင် ချောင်းသည် တသွင်သွင် စီးနေသည်။

ချောင်း၏အမည်မှာ နမ့်ထုံခဖြစ်ကြောင်း ဦးဟန်မြင့်က ပြောသည်။ ဤချောင်းသည် ပူတာအိုမြို့ကို ကွေ့ပတ်၍ စီးနေသည်။ လေယာဉ်ကွင်းမှ အလာတွင် ကျွန်တော်တို့တွေ့ခဲ့သော ချောင်းမှာလည်း ဤနမ့်ထုံခပင်။

ချောင်း၏တစ်ဖက်တွင် ပြန့်ပြူးနေသော လယ်ကွင်းများ ရှိသည်။ လယ်ယာချိန်မဟုတ်သဖြင့် မြေပြန့်ကျယ်ကြီးအဖြစ်သာ တွေ့ရသည်။ ကွင်းပြင်ကျယ်ဆုံးသောအခါတွင်ကား တောင်ခြေစသည်။ ဗိုလ်တဲ၏အနေအထားနှင့် မြင်တွေ့ရသော ရှုခင်းကို ကျွန်တော်တို့ နှစ်ခြိုက်မိသည်။ နောက်နေ့များမှ အေးအေးဆေးဆေးထိုင်ကြည့်ဦးမည်ဟု ပိုင်းဖြတ်ကြသည်။

ချိန်းဆိုထားသောအချိန်နီးပြီဖြစ်၍ ပါတီရုံးသို့ တောက်လျှောက်သွားကြသည်။ တပ်ရင်းရိပ်သာကိုလွန်သော် ချောင်းကမ်းတစ်လျှောက်တွင် မိုးကာတဲကလေးများ ပြွတ်စီလျက်ရှိသည်။ မိုးကာဖျင်များမှာ ဟောင်းမြင်းလျက်ရှိပြီဖြစ်သည်။ မိုးကာတဲအတွင်းတွင် ကွပ်ပျစ်ကလေးများရှိသည်ကို တွေ့ရသည်။ တဲများအကြားတွင် ကလေးများပြေးလွှားဆော့ကစားနေသည်။ တပ်ရင်း ၄၆ မှ ရဲဘော်များနှင့် ယင်းတို့မိသားစု နေထိုင်ကြခြင်း ဖြစ်သည်။

"တပ်က ဒီမှာပဲလား"

"ဟုတ်ပါတယ် ... အခုမှ တပ်စခန်းဆောက်နေတယ်၊ လေယာဉ်ပျံဆင်းခါနီးတုန်းက သွပ်မိုးနဲ့ အဆောက်အဦတွေ မတွေ့ခဲ့ဘူးလား၊ အဲဒါ

mgyoe.com

mgyoe.com
တပ်ရင်းစခန်းသစ်ပေါ့၊ ဒီမိုးမကျခင်တော့ အဲဒီကိုပြောင်းရလိမ့်မယ်နဲ့ တူတယ်"

မိုးတွင်းဆိုလျှင် ဤရဲဘော်များနှင့် ဤမိသားစုများ အဘယ်မျှ အနေအထိုင် ဆင်းရဲကျပ်တည်းမည်ကို စဉ်းစားမိသည်။ သို့သော် စစ်တိုက်သည်ဆိုခြင်းမှာ ပန်ကာအောက်တွင် ဖိမ်ယူခြင်းမဟုတ်။ များမကြာမီတွင် ကျွန်တော်တို့သည် ရှည်လျားပြေလျောသော လမ်းကို ဆင်းရသည်။ အောက်ဘက်တွင် ရွာကလေးတစ်ရွာဖြစ်နေသည်ကို တွေ့ရသည်။ ယင်းကို သူတို့က အောက်ချိုင့်ဟု အလွယ်ခေါ်သည်။

အမှန်တော့ 'ဟိုခိုရွာ' ဖြစ်သည်။

ဤတွင် ပူတာအိုအကြောင်း အနည်းငယ်ပြောသင့်သည်။ 'ပူတာအို' ဟူသောအမည်မှာ နယ်ချဲ့အမွေအနှစ်တစ်ခုဖြစ်သည်။ ယခင်ကမူ ဤဒေသကို မဏ္ဍလတိုင်းဟု ခေါ်သည်။ တိဗက်ကုန်းမြင့်မှ ဆင်းလာသူအချို့သည် ဤမြေပြန့်ကို အရင်ဆုံးတွေ့ရှိသည်။ မြင့်မားသော တောင်ထွတ်တောင်တန်းများအကြားတွင်မူ ဤဒေသသည် အတော်ကြီး ကျယ်ပြန့်သောအရပ်ဖြစ်သည်။ မြေအနိမ့်အမြင့်မရှိသလောက် ပကတိပြန့်ပြူးလျက်ရှိသည်။ ထိုအခါတွင် သူတို့သည် ဝမ်းသာအားရ ဤအရပ်တွင် အခြေစိုက်ကြသည်။ အိမ်ခြေသောင်းလေးထောင်ခန့်အထိ ရှိခဲ့ဖူးသည်ဟုဆိုသည်။ သို့သော် နောင်အခါတွင် မြေသြဇာများ ညှံ့ဖျင်းလာပြီး ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်သဖြင့် လူများသည် မိုးကောင်းဘက်သို့လည်းကောင်း၊ အာသံနယ်ဘက်သို့လည်းကောင်း ပြောင်းရွှေ့သွားကြသည်။

ထိုအခါတွင် မဏ္ဍလတိုင်းအဖြစ်မှ ရွေ့လျော၍ မိုးကောင်းလက်အောက်ခံ စော်ဘွားခုနစ်နယ်အဖြစ်သာ ကျန်ရစ်သည်။ စော်ဘွားခုနစ်နယ်မှာ လုပ်ခွန်၊ ကုန်ကြိမ်၊ မန်နူ၊ မောစေ၊ မောစေကွန်၊ လန်ဒါနှင့် လန်နူတို့ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် မစ္စတာ ဟတ်ဇ်ခေါင်းဆောင်သော နယ်ချဲ့လက်နက်ကိုင်များသည် လုပ်ခွန်စော်ဘွား၏ မြို့တော်ဖြစ်သော ပူတောင်းအနီးရှိ ကုန်းမြင့်ပေါ်တစ်ခုတွင် တပ်ချခဲ့သည်။ အခိုင်အမာခံတပ်တည်ဆောက်သည်။ ထိုမှနေ၍ ရှမ်းစော်ဘွားများကို သိမ်းသွင်းသည်။
mgyoe.com

mgyoe.com


ထိုစစ်စခန်းကို ဖို့တ်ဟတ်ဖ်ဲ (ဟတ်ဖ်ခဲတပ်) ဟု ခေါ်သည်။ နောင်အခါတွင် ဖို့တ်ဟတ်ဖ်သည် ခရိုင်ဖြစ်သည်။ ခရိုင်မြို့တော်ဖြစ်သည်။ ထိုမှတစ်ဖန် ဖို့တ်ဟတ်ဖ်မှ ပူတာအို ဖြစ်ပြန်သည်။

ပူတာအိုဆိုသော အသုံးအနှုန်းမှာ ပူတောင်းကို အင်္ဂလိပ်ဘာသာဖြင့် PUTAO ဟူ၍ရေးရာမှဖြစ်ပေါ်လာခြင်းဖြစ်သည်။ PU မှာ ပူ၊ TAO မှာတောင်းဟူ၍ရေးခဲ့သော်လည်း ဖတ်သူမှာ PU ပူ၊ TA တာ၊ O အိုဟု အသံထွက်ခဲ့ကြသည်။ တကယ်တော့ ပူတောင်းဆိုသည်မှာပင် အသံထွက် မမှန်လှပါပေ။ အနီးစပ်ဆုံး မြန်မာအသံထွက်သာ ဖြစ်ပါသည်။ ပူတိုင်နှင့် ပူတောင်းဟူသော အသံထွက်နှစ်ခု၏ကြားလောက်တွင် အသံထွက် အမှန် ရှိပါသည်။ အဓိပ္ပာယ်မှာ ပူ–အဖိုး၊ တောင်း–မျှော်သည်ဟူ၍ ဖြစ်ပါသည်။

ရှိစေတော့။ ယခုအခါတွင် ပူတာအိုမြို့ ဖြစ်နေပေပြီ။ လေယာဉ်ကွင်း အနီးတွင် ရဝမ်ရွာတစ်ရွာ ရှိသည်။ ပူတာအိုကုန်းမြင့်သို့ အတက်တွင် လူမျိုးစုံ နေထိုင်သော ကောင်ကထောင်ရွာရှိသည်။ ကုန်းမြင့်ပေါ်တွင်ကား အစိုးရ ရုံးများနှင့် အမှုထမ်းအရာထမ်း ရှိသည်။ ဟတ်ဖ်ခဲတပ်မှ အစိုးရရပ်ကွက် ဖြစ်လာခြင်းပင်။ ထိုမှနေ၍ မြောက်ဘက်ချိုင့်သို့ဆင်းသောအခါ ဟိုခိုရွာ။ ထိုမှတစ်ဆင့် နမ့်ထုံခကိုဖြတ်ကျော်သော် ပန်းလှိုင်ရွာ။ ပန်းလှိုင်ရွာမှထွက်၍ လယ်ကွက်အချို့ကိုကျော်သော ပူတောင်း။

ကျွန်တော်တို့သွားရမည်မှာ ပူတောင်းရွာထိပ်ရှိ ကမ္ဘာဦးစေတီ။

ပူတာအိုမြို့နယ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ယူနစ်ရုံးသို့ ရောက်သောအခါ လူအတော်စုံနေပြီကို တွေ့ရသည်။ ဗိုလ်ကြီးကြည်လည်း ရောက်နှင့်နေပြီဖြစ်သည်။ ဗိုလ်ကြီးကြည်နှင့် ဦးဟန်မြင့်တို့က ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။ နလက ဥက္ကဋ္ဌ ဗိုလ်ကြီးငြိမ်း၊ ပါတီစည်းရုံးရေးမှူး ဦးစပ်နွယ်ဆားတော်၊ စာတိုက်မှူး ကိုမောင်မောင်သိန်း၊ မြို့မဝန်ထောက် ဦးကျော်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ဦးအေးလွင်နှင့် အခြားမိတ်ဆွေများ ကို တွေ့ဆုံသိကျွမ်းရသည်။ သူတို့ထံမှ အဖိုးတန်သော အချက်အလက်များ ကို မေးယူရရှိသည်။

လူစုံပြီဖြစ်၍ ကျွန်တော်တို့ပါတီရုံးမှ ထွက်ကြသည်။

ပါတီရုံးရှေ့တွင် ဈေးတန်းကလေး ရှိသည်။ မြောက်မြောက်မြားမြား

mgyoe.com